
mgyoe.com
SAMPLE BOOK


မိုးသက်ဟန်

# နှင်းခွဲဖိုး



mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကုံကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ Ever wood စာပေထုတ်လုပ်ရေး။

ဒုတိယအကြိမ် - ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ်နှင့် အတွင်းပုံနှိပ် - ဦးလင်းဇာနည်၊ သိရိဂူထဲဝေပုံနှိပ်တိုက်(၀၁၄၃၇)
၃၂၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပန်းချီ - မုတ်သုံ

မျက်နှာဖုံးဒီဇိုင်း - သော်သိင်္ဂါ

တန်ဖိုး - ၃၂၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ပျိုးလက်ဟန်
# နှင်းခွဲမိုး

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဓမ္မယျေလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇ ၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com


http://kantkawwutyee.myanmaronlinesales.com
www.facebook.com/KantKawWutYeePublishing
တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။
mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

"နှင်း အိပ်မက်မက်ပြန်ပြီ။ အရင်အိပ်မက်လိုမျိုး မဟုတ်ဘူး။ အရင်အိပ်မက်တွေတိုင်း နှင်း မေမေ့ကို လိုက်ရှာနေရတယ်။ ထင်းရှူးပင်အုပ်တွေထဲမှာ၊ အိမ်ကလေးထဲမှာ၊ မြူတွေကြားမှာ၊ မဆုံးနိုင်တဲ့ လမ်းအရှည်ကြီးပေါ်မှာ။ ဘယ်မှာမှ မေမေ့ကို မတွေ့ရဘူး။ ဒီည အိပ်မက်မှာ နှင်း မေမေနဲ့တွေ့ရတယ်။ မေမေက နှင်းကို ကြည့်မဝသလို နှင်းကလည်း မေမေ့ကို ကြည့်မဝဘူး။ တကယ်လို့ ထင်နေတုန်းမှာပဲ မေမေရယ်၊ နှင်း နိုးသွားခဲ့ပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"သက်နှင်းသူ ဆိုတာ အဲဒီ မိန်းမပေါ့"

ကိုယ့်နာမည် ကြားလိုက်ရသဖြင့် စောင်းငဲ့ကြည့်လိုက်တော့ အနီးက စားပွဲမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်။ ယောကျ်ားက မိန်းမကို သက်နှင်းသူဆိုတာ ကိုယ်ပဲလို့ ပြနေပုံရသည်။ ဒါပါပဲ လူတွေက၊ မဲ့ပြုံးတစ်ချက် ပြုံးပြီး ထိမထင်တဲ့ပုံစံ ချိုးလိုက်ကာ ထိုစုံတွဲကို ခပ်တည်တည် ကြည့်ပစ်လိုက်သည်။ ငနဲမတော့ ဖြုံသွားပုံပဲ။ ဘယ်လို မိန်းမပါလိမ့်လို့ သူ တွေးနေတော့မည်။ ပျော်စရာကြီးနော်။ ဒီလို မျက်လုံးမျိုးတွေနဲ့ အကြည့်ခံရတာ တော်တော့်ကို ရိုးနေပြီပဲ။ ဂရုစိုက်ရမှာလား။ သက်နှင်းသူ နာမည် ပိုကြီးတာပေါ့။ ဟားဟား။ လောကကို ဒီလိုနည်းနဲ့ပဲ နိုင်ရမည်။ လူတွေကို ဒီလိုနည်းနဲ့ပဲ နိုင်ရမည်။

လူတွေကို ကြည့်ရင်းနဲ့ တော်တော်ပျင်းလာပြီ။ သူတို့ကလည်း နှင်းသူကိုကြည့်ပြီး ပျင်းလာလောက်ပြီ။ စီးကရက်သောက်ရရင် ကောင်းမှာပဲ။ ပိုက်ဆံအိတ်ထဲက စီးကရက်ကို ထုတ်ပြီးသောက်တော့ စားပွဲထိုးတစ်ယောက်ရောက်လာပြီး "အစ်မ၊ ဆိုင်ထဲမှာ စီးကရက် မသောက်ရပါဘူး"တဲ့။ နံရံမှာကပ်ထားတဲ့ NO SMOKING ဆိုတဲ့ စတစ်ကာကို လက်ညှိုး ထိုးပြသည်။ နှင်းသူ ပခုံးတွန့်ပြီး မကြားချင်ယောင်ဆောင်ကာ အပြင်ကိုလှမ်းငေးနေလိုက်သည်။ စားပွဲထိုးကလေးလည်း ယောင်ချာချာ ထွက်သွားရလေသည်။ မကြာခင်ပဲ မျက်နှာ တင်းတင်းနဲ့ မိန်းမတစ်ယောက် ဘေးမှာ လာရပ်တော့ "ဘာလဲ"လို့ မေးလိုက်သည်။

"ညီမလေး ဆေးလိပ်သောက်ချင်ရင် အပြင် ခဏထွက်သောက်ပါနော်"

mgyoe.com

mgyoe.com
SAMPLE BOOK


ဟာ… ဘာတွေလဲ၊ ဘာမှ ပြန်မပြောဘဲ သန့်စင်ခန်းထဲ ဝင်သွားပြီး စီးကရက် ဆက်သောက်နေ၏။

ထို့နောက် ဘေစင်မှာ လက်ဆေးရင်း အားရပါးရ ရယ်နေသော သက်နှင်းသူကို ဘေးမှ လက်လာဆေးသော ကောင်မလေးက အလန့်တကြားကြည့်ကာ ရေပိုက်ပိတ်ပြီး ကမန်းကတန်း ပြန်ထွက်သွားသည်။ ကောင်မလေးကို ကြည့်ပြီး ထပ်ကာ ထပ်ကာ ရယ်မိပြန်သည်။ မျက်ရည်တွေကျလာပြီး ဗိုက်ကြောတွေနာလာတော့မှ အရယ်ရပ်တော့သည်။ အရာရာတိုင်းက ရယ်စရာပဲ။ ရယ်စရာ လုပ်ပစ်ရမှာပဲ။ ဒါမှ မဟုတ်ရင် သေသွားမှာပေါ့။

ဆိုင်ကလေးက အပြန်လမ်းကလေးကို နှင်းသူ သဘောကျသည်။ ကုန်းကလေး ပေါ်မှာ ဆိုင်ကလေးရှိသည်။ ကုန်းကလေးအတိုင်း ပြေးဆင်းရတာ အရသာပဲ။ ကလေး ဘဝတုန်းကလိုပဲ စကိတ်လေးတစ်စုံရှိရင် ကောင်းသား။ အို…ကလေးဘဝကို ဘာလို့ တွေးမိတာလဲ။ ဘယ်လောက်များ လှပခဲ့လို့လဲ။ အထီးကျန်တဲ့ဘဝ။ ရှုံးနိမ့်တဲ့ဘဝ။ အထီးကျန် ခဲ့တယ်သာပြောတာ ဘယ်တုန်းများ အဖော်ဆိုတာ ရှိခဲ့လို့လဲ။ တစ်ယောက်တည်း စကား ပြောခဲ့ရတာပါ။ ကိုယ့်စိတ်နဲ့ပဲကိုယ် အဖော်ပြုခဲ့ရတာ။ တစ်ခုတော့ကောင်းတာပဲ။ ဘယ်သူကမှ မျက်နှာချင်းဆိုင်လာပြီး အပြစ် မပြောကြ။ အပြစ်တဲ့။ အဲဒီစကားကို သိပ်ကြောက်တယ်။ မွေးကတည်းက အပြစ်တွေ အပြည့်ပါလာတဲ့ သက်နှင်းသူ။ ဒီအပြစ်ဆိုတဲ့စကားကို မကြား ပါရစေနဲ့တော့ မေမေ။

ဘယ်သူ့ကိုမှ တွယ်တာခြင်း မရှိဘဲ လူတစ်ယောက်ဟာ ဘဝရဲ့အချိန်တွေကို ဘယ်လောက် ကြာကြာဖြတ်သန်းနိုင်သလဲ။ တွယ်စရာလူလည်း မမြင်။ ကိုယ့်ကို တွယ်တာ ချင်သူ ဆိုတာလည်း မရှိ။ ချစ်စရာလူလည်း မရှိ။ တွယ်တာစရာလည်း နတ္ထိ ဖြစ်တဲ့ဘဝမှာ အသက်ရှင်နေရတာ ငြီးငွေ့လှပါပြီ။ ဘာကိုမှလည်း မကြောက်တော့ပါ။ ကိုယ့်အသက် သေမှာလည်း မကြောက်တော့ပါဘူး။

မိုးရေတွေထဲမှာ စွတ်သာ သွားနေမိသည်။ ဘယ်ရောက်နေလဲ မသိ။ ဘယ်ကို သွားနေလည်း မသိ။ ချမ်းနေလားလည်း မသိ။ အာရုံကြောများလည်း ချို့တဲ့ကုန်ပြီထင်ပါရဲ့။ ရှင်သန်နေတဲ့နေ့တိုင်း ဘာမှ အဓိပ္ပာယ်မရှိ။ ဘာကြောင့် အသက်ရှင်နေသလဲ။ ချမ်းနေတာသာ မသိတာ တစ်ကိုယ်လုံးကတော့ ခိုက်ခိုက်တုန်နေသည်။ လမ်းပေါ်မှာလည်း လူသူကင်းမဲ့လို့။ အို…တစ်ကမ္ဘာလုံး မရှိတော့လည်း အေးတာပဲလေ။ မျက်လုံးတွေရဲ့အောက်မှာ စိတ်ကျဉ်း ကျပ်နေပြီ။ စိတ်တင်းထားရတာ မောလှပါပြီကွယ်။ ဒီလို မိုးသည်းတဲ့တစ်နေ့မှာပေါ့။ နှင်းသူကို မေမေ ရိုက်ဖူးသည်။ ရက်စက်စိမ်းကားသော အကြည့်အေးစက်၊ မျက်စိကိုယောင်ပြီး

mgyoe.com

mgyoe.com
SAMPLE BOOK



မှိတ်ပစ်လိုက်မိသည်။ ကြောက်တယ်၊ မတွေးဘူး။ ခြေထောက်တွေက ကိုယ်မသိဘဲ ပြေးနေလေသည်။ အိမ်ပြန်မယ်။ ဟား… ဟား ဘယ်မှာလဲ အိမ်။ နင့်မှာ အိမ်ရှိလို့လား သက်နှင်းသူရဲ့။ စဉ်းစားပါဦး။ တော်ပါတော့။ အိပ်မက်ဆိုးတွေ ရပ်ပါတော့။ ငါ့ကိုသတ်နေတဲ့ အိပ်မက်တွေ။ ပြေးရင်း ပြေးရင်း ခြေလှမ်းတွေ နှေးကွေးကာ လဲကျသွားသည်။ မထချင်တော့။ ထာဝရသာ အနားရလိုက်ပါတော့ကွယ်။ ကိုယ့်စိတ်နဲ့ကိုယ် တိုက်ခိုက်နေရတာလောက် ဆင်းရဲခြင်း မရှိ။ လဲကျသွားသော နေရာမှာပဲ ထိုင်နေမိသည်။ သစ်ပင်ကြီးတစ်ပင်အောက် ရောက်နေတာပဲ။ သစ်ပင်၏ခြေရင်းနားမှာ မြေတွေ ပြိုနေကာ ချိုင့်ကြီးဖြစ်နေသည်။ ကံကောင်းလို့ ပြုတ်မကျတယ်။ ချိုင့်ကြီးထဲမှာ သစ်ပင်အမြစ် တချို့ တွေ့နေရသည်။ မြေလွှာထုကိုဖောက်ပြီး အောက်က ကျောက်သားတွေထိ အမြစ်တွေက ကုတ်ကတ်တွယ်လို့၊ သြော်… သစ်ပင်တောင် တွယ်စရာကို ကုတ်ကတ်ထားရှာသည်။ သူ ရပ်တည်ဖို့အတွက် သဲကြီးမဲကြီး တွယ်ကုပ်ထားရတာပေါ့လေ။ သက်နှင်းသူမှာတော့ ရှင်သန်ဖို့အတွက် ကုပ်တွယ်ထားစရာ မရှိပါလား။ အိမ်ပြန်ပို့ပါ။

❐

mgyoe.com

mgyoe.com SAMPLE BOOK

နှင်းပန်းဖော (ချစ်ပို)



လောကကြီးမှ ထွက်ခွာပြီ ခဲ့ရှာသည်
ဒီရဲ့သား မှန်ကြောင်းလား
မသိတော့ မေမေက
ချစ်ပို့ ကို ခွဲထား ရစ်ခဲ့သည်
ရှေ့ထွက်လာ စေမည့် သင်ကြားပေးခဲ့သည်

mgyoe.com

mgyoe.com SAMPLE BOOK

ဂျိဂျိ အစောကြီးနိုးလာသည်။ တစ်အိမ်လုံး တိတ်ဆိတ်မှောင်မည်းလို့။ လက်မှာ ပတ်ထားသော လက်ပတ်နာရီလေးကို နှိပ်ကြည့်တော့ မနက် လေးနာရီ။ မနက် ငါးနာရီ နှိုးစက်ပေးဖို့ နာရီလေးပတ်အိပ်တာဖြစ်ပေမယ့် ဒီထက်စောစောနိုးလာသည်။ အိပ်ရာဘေးက စားပွဲတင်မီးကလေးကို ဖွင့်လိုက်တော့ မေမေ့ဓာတ်ပုံလေး။

"ပျော်ရွှင်သောမွေးနေ့ပါ မေမေ"

ဓာတ်ပုံလေးကို နမ်းလိုက်သည်။ မေမေ့မွေးနေ့လေ။ သတိရစိတ်ကြောင့် ကျလာသော မျက်ရည်များကို သုတ်ပစ်လိုက်သည်။ ဘုရားရှိခိုးမယ်။ ညကတည်းက ခူးထားတဲ့ စံပယ်ပန်းတွေလည်း ကပ်မယ်။ ပြီးတော့ မေမေ့ ၄၂နှစ်မြောက်မွေးနေ့မို့ နှင်းဆီ ၄၂ ပွင့်၊ မေမေ သိပ်ကြိုက်တဲ့ နှင်းဆီ ပန်းရောင်ဖျော့ဖျော့။ ခြေဖျားထောက်ပြီး ဘုရားခန်းကို လာရတယ်။ ဖေဖေတို့ အခန်းရှေ့ကနေ ဖြတ်ရမှာမို့လေ။ တော်ကြာ နစ်ကီ နိုးသွားရင် နားငြီးနေရမယ်လေ။ အေးအေးဆေးဆေး ဘုရားရှိခိုးချင်တာ။

ဘုရားရှိခိုးပြီးတော့ ရေခဲသေတ္တာထဲက မွေးနေ့ကိတ်ဝိုင်းဝိုင်း သေးသေးလေးကို ဂျိဂျိ့အခန်းထဲ သယ်လာသည်။ ဖယောင်းတိုင်သေးသေးလေး ခြောက်တိုင်၊ မေမေ့အသက် လေးနဲ့ နှစ် ပေါင်းတော့ ခြောက်လေ။ Happy Birthday လို့ ကိုယ့်ဘာသာကိုယ်ဆိုပြီး ကိုယ့်ဘာသာကိုယ် ဖယောင်းတိုင်မှုတ်သည်။ ဂျိဂျိ ကျင်းပပေးတဲ့ မေမေ့မွေးနေ့လေ။ ဂျိဂျိ့အခန်းထဲမှာလည်း နှင်းဆီပန်းရောင်တွေ ဝေနေအောင် ပန်းအိုးအများကြီး ပြင်ထားသည်။ မေမေ မရှိဘဲ မွေးနေ့ လုပ်လာတာ လေးနှစ်ရှိပြီ။ မေမေရှိတုန်းကတော့ ဖေဖေရယ်၊ မေမေရယ်၊

mgyoe.com

 mgyoe.com SAMPLE BOOK 

ဂျိဂျိရယ် ဘုရားသွားသည်။ မေမေ ဘယ်လောက် နေမကောင်းဖြစ်နေနေ ဘုရားတော့ ရောက်အောင်သွားသည်။ ဘီးတပ်ကုလားထိုင်လေးပေါ်မှာ ထိုင်လိုက်ရင်း လက်အုပ်ချီနေသော မေမေ့ကို မြင်ယောင်ကာ ဂျိဂျိ မျက်ရည်ကျလာသည်။ မငိုပါဘူး။ မေမေ စိတ်ဆင်းရဲနေမယ်။ မေမေ ဘုရားမသွားနိုင်သော မွေးနေ့ တစ်နှစ်ပဲ ရှိခဲ့တယ်။ အဲဒီနှစ်ပြီးတော့လည်း ဘယ်တော့မှ မသွားနိုင်တော့ပါဘူး။ ဂျိဂျိ့မေမေ ဒီကမ္ဘာပေါ်မှာ ဘယ်မွေးနေ့ကိုမှ မကျင်းပနိုင်တော့။ ငြိမ်းချမ်းစွာ ထွက်ခွာသွားလေပြီ။ မေမေမြတ်နိုးတဲ့ ဗုဒ္ဓလမ်းစဉ်အတိုင်း အပူအပင်ကင်းမဲ့စွာ ထွက်ခွာသွားခဲ့ပြီ။

မေမေက နှလုံးရောဂါ ဝေဒနာကြားက ဂျိဂျိ့ကို ခက်ခက်ခဲခဲ မွေးဖွားခဲ့သည်။ လောကကြီးမှ ထွက်ခွာရန် နေ့ရက်သည် ဒီနေ့လား၊ မနက်ဖြန်လား မသိသော မေမေက ဂျိဂျိ့ကို ခွဲထားရစ်ခဲ့ရရင် နေထိုင်တတ်အောင် သင်ကြားပေးခဲ့သည်။ အထီးကျန်ဝေဒနာကို မခံစားရအောင် စာအုပ်တွေများစွာ ဝယ်ပေးသည်။ မေမေ မရှိရင်လည်း လောကကြီးကို ဆက်ပြီး ရဲရင့်စွာ ရင်ဆိုင်ဖို့ သင်ခန်းစာတွေ ပြသသည်။ နေရာတကာတိုင်း မေမေက လိုက်မလုပ်ပေးခြင်းဖြင့် ရင့်ကျက်စေခဲ့သည်။ ကလေးငယ်အတွက် ရက်စက်ရာကျသော်လည်း ဂျိဂျိအသက် ငါးနှစ်မှာ အခန်းခွဲပေးခဲ့လေပြီ။

တစ်ယောက်တည်း စအိပ်ရသောနေ့ကို ဂျိဂျိ မမေ့။ ငါးနှစ်ရွယ်ကလေးငယ်အဖို့ စွန့်စားခန်းကြီးတစ်ခု။ မေမေက အခန်းမီးတွေ အကုန်ပိတ်ကာ ညအိပ်မီးမှိန်မှိန် ပြာလဲ့လဲ့လေးသာ ထွန်းပေးခဲ့သည်။ ဂျိဂျိ တစ်ခွန်းမှ ဆန့်ကျင် မပြောခဲ့။ မေမေ့ကို အရိပ်လို ကပ်နေသူပီပီ မေမေ ဘာကြောင့် တစ်ယောက်တည်း အိပ်ခိုင်းထားလဲဆိုတာ နားလည်နေခဲ့သည်။ မေမေက အမြဲတမ်း ဖျားနေတယ်။ ငါ့ကြောင့် စိတ်ပိုညစ်ရမယ်။ မေမေက ငါ့ကို ချစ်တယ်။ မကောင်းတာ ဘယ်တော့မှ မလုပ်ဆိုတဲ့ ကလေးအသိနဲ့ တစ်ခွန်းမှ မဆန့်ကျင်ဘဲ တစ်ယောက်တည်း ကျေနပ်စွာ အခန်းထဲမှာ ကျန်ရစ်သည်။ ကြောက်တယ်ဆိုတာ ဘာလဲလို့ မေမေ အခန်းတံခါးကို ပိတ်သွားမှ သိရသည်။ ပြတင်းပေါက်ကနေ အပြင်ဘက်ကိုလည်း နည်းနည်းမှ မကြည့်ရဲ။ ဂျိဂျိရဲ့လက်စွဲတော် ဝက်ဝံရုပ်ကလေးကိုလည်း ကြောက်လို့ လွှင့်ပစ်လိုက်သည်။ ချွေးတွေ အများကြီး ထွက်သော်လည်း လက်ဖျား ခြေဖျားတွေက အေးစက်လို့။ မျက်လုံးမှိတ်ပစ်လိုက်ချင်သော်လည်း မမှိတ်ရဲပါ။ တစ်စုံတစ်ရာက အနားလာရင် ဂျိဂျိ မသိလိုက်မှာလည်း စိုးသည်။ မေမေရေလို့ အော်ငိုပစ်ချင်သော်လည်း ငိုတာ မေမေက မကြိုက်၊ အိပ်မက်ဆိုးတွေ စတင်မက်ဖူးသော ညပင်။ အဲဒီညက အိပ်မက်ကို မျက်စိထဲ စွဲနေအောင် မြင်နေဆဲ။ လန့်နိုးလာတော့ မေမေက ဘေးမှာ ရောက်နေသည်။ ဂျိဂျိ တံအား

mgyoe.com

mgyoe.com
SAMPLE BOOK


အော်လိုက်တာတဲ့။ ဖေဖေက မေမေ့ကို ဆူသည်။ ဒီအရွယ်ကလေးကို ဘာလို့ တစ်ယောက်တည်း သိပ်တာလဲဆိုတာ ဖြစ်မည်။ မေမေက ဘာမှ ပြန်မပြောခဲ့ပါ။ မေမေ့မျက်ရည်တစ်စကို ဂျိဂျိ မြင်လိုက်သည်။ ဒါပေမဲ့ ဂျိဂျိ တစ်ယောက်တည်းပဲ ဆက်အိပ်ခဲ့ရလေသည်။ ဘာပဲဖြစ်ဖြစ် မေမေ့ကို ဂျိဂျိ အရမ်းချစ်လို့ မေမေ့စိတ်ကြိုက် နေပေးခဲ့တာ အခုထိပဲ။

ဟိုးငယ်ငယ်ကတည်းက ဂျိဂျိက မေမေမှမေမေ။ ဖေဖေနှင့်က ဘယ်လိုမှ ရင်းနှီးလို့မရ။ ဖေဖေရဲ့စီးပွားရေးတွေ ဘယ်လောက်ကြီး အောင်မြင်နေပါစေ။ ဂျိဂျိ့စိတ်ထဲမှာတော့ ရောဂါသည်မေမေကသာ ပိုထက်မြက်ပြီး တော်သည်။ ဖေဖေကလည်း ကလေးကို ဟိုလိုမထားနဲ့ ဒီလိုထားဆိုပြီး ပြောတတ်ရုံကလွဲလို့ ဂျိဂျိအကြောင်း သိပ်ပြီး စိတ်မဝင်စားခဲ့ပါ။ သမီးဆိုသော သတ်မှတ်ချက်ဖြင့်သာ ချစ်သည်။ ဒီ့ထက် မပိုဘူး ထင်တာပဲ။ အေးလေ မေမေက ဖေဖေ ချစ်လွန်းလို့ ယူထားတဲ့မိန်းမမှ မဟုတ်တာပဲ။ မေမေ့ကို ဖေဖေက အနည်းငယ်ကရုဏာသက်ပြီး လင်ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကို ကြင်နာနိုင်တာထက် မပိုခဲ့ပါ။ ဂျိဂျိ သိပ်သိတာပေါ့။ ဂျိဂျိဆိုတဲ့ ကောင်မလေးက လူတွေရဲ့ အရိပ်အကဲကို ဟိုးကလေးဘဝကတည်းက သိပ်ကို နားလည်တာ။ မေမေနဲ့ အတူဆုံး အချက်ကတော့ စိတ်ကူးယဉ်ကမ္ဘာလေးတွေ ဖန်ဆင်းတတ်တာပဲ။ ဂျိဂျိ့ကမ္ဘာထဲမှာ မေမေက အမြဲ နေထိုင်သည်။ မေမေချစ်တဲ့ ကြယ်ကလေးတွေ အပြည့်နဲ့ကမ္ဘာ။ ဂျိဂျိနဲ့မေမေရဲ့ကမ္ဘာ။ ဖေဖေလည်း မလာရ။

ဂျိဂျိမှာ မေမေကို သတိရတာကလွဲလို့ တခြား စိတ်ညစ်စရာတော့ မရှိဘူး။ မေမေဆုံးပြီး တစ်နှစ် အကြာမှာ ဖေဖေ အန်တီစူးကို လက်ထပ်ယူတာကလည်း စိတ်ညစ်စရာ မဟုတ်ဘူး။ ဒါ မျှော်လင့်ပြီးသား ကိစ္စပဲ။ အန်တီစူး ဟိုးငယ်ငယ်လေးကတည်းက ဖေဖေက ချစ်ခဲ့ရတာတဲ့။ မိဘတွေ လက်ထပ်ခိုင်းတဲ့ မေမေ့ကို လက်ထပ်ချိန်မှာ အန်တီစူးက အခု ဂျိဂျိအရွယ်လောက်ပဲ ရှိသေးတာ။ မေမေနဲ့လက်ထပ်တဲ့ညမှာ ဖေဖေ မျက်ရည်ကျသည်လို့ မေမေ ပြောပြဖူးသည်။ ဂျိဂျိ့ကိုဆို မေမေက လူကြီးတစ်ယောက်နေရာမှာထားပြီး ရင်ဖွင့်နေကျ။ မေမေက ဖေဖေ့ကို သူ့ကိုယ်သူထက် ပိုချစ်ခဲ့ဖူးသတဲ့။ ဂျိဂျိ့ကို မွေးပြီးတော့ နှလုံးရောဂါဝေဒနာ၏ နှိပ်စက်မှုဒဏ်ကြားမှာ လွတ်မြောက်ရာတရားကို မေမေ ရှာတွေ့ခဲ့ပြီ။ ငြိမ်းချမ်းတည်ကြည်စွာနှင့် သေခြင်းတရားကို ရင်ဆိုင်ဖို့ တဖြည်းဖြည်းအသင့်ဖြစ်လာသည်။ သံယောဇဉ်များကြောင့် ပူလောင်ရခြင်းများ မေမေ့တွင် လျော့ပါးလာသည်။ မေမေရဲ့စာအုပ်လေးကိုဖတ်ရင်း ဂျိဂျိ သိလာရတာတွေ။ ဒိုင်ယာရီ မဟုတ်တဲ့ တချို့သောဘဝရဲ့ နေ့ရက်တွေကို စာအုပ်ထဲမှာ မေမေ ရေးခဲ့သည်။ ဂျိဂျိ့အတွက်တဲ့။

mgyoe.com


တကယ်တမ်းတော့ မေမေထင်သလောက် ဂျီဂျီ့စိတ်တွေ မရင့်ကျက်ခဲ့ပါ။ မေမေ ကြိုက်တဲ့ ပုံစံအတိုင်းနေရင်း ခံစားချက်တွေ တဖြည်းဖြည်း မျိုချတတ်လာတာပဲ ရှိတာ။ မေမေ စိတ်ဆင်းရဲမှာ ကြောက်တာနဲ့ ဂျီဂျီ ကိုယ့်ကိုယ်ကိုယ် ညာတတ်လာသည်။ ဂျီဂျီက အမြဲပျော်နေတာလို့ပဲ ကိုယ့်ကိုယ်ကိုယ် ထင်သည်။ မေမေ မရှိတော့တာကလွဲပြီး ဘာကမှ ဂျီဂျီ့ကို စိတ်ဆင်းရဲအောင် မလုပ်နိုင်ဟု ထင်သည်။ မေမေ့ရဲ့နှင်းကလေးလို့ ခေါ်သံကိုတော့ ငိုချင်လောက်အောင် လွမ်းသည်။ ဖေဖေကတောင် နှင်းကလေးလို့ ဘယ်တော့မှ မခေါ်ဘူး။ ဖေဖေခေါ်လည်း ကြိုက်မှာမှ မဟုတ်တာ။ 'နှင်းပန်းဖြူ' ဆိုတာ မေမေ ပေးခဲ့တဲ့နာမည်။ ဂျီဂျီ ဆိုတာ မွေးစပေါက်ကတည်းက ဖေဖေ ပေးခဲ့တာလေ။ ဂျီကျလွန်းလို့တဲ့။ မွေးစပေါက်က ဘာသိတာမှတ်လို့။ မေမေကတော့ အတော်နားငြီးခဲ့မှာပဲ။ ကန်တော့ပါ မေမေ။ နှင်းက အဲဒီတုန်းက သိမှ မသိတတ်သေးတာ။ မေမေ့ကိုချစ်တတ်တဲ့ အရွယ်ကတည်းက မေမေ စိတ်ဆင်းရဲအောင် ဂျီဂျီ မလုပ်ခဲ့ပါ။

❒

mgyoe.com

mgyoe.com SAMPLE BOOK

ပိုပို -
သုနေချင်းရွှ



ဖြန့်ကတော
ဓာရာ ဝေဝေဝေဝေ
ရေစင်ကြီးပေါ်
ကျောက်ရောင်
ရေကျော်မှာ
ဆောင်ကြီး
ဒါချက်ပေါ့
ငယ်ဖူး
ရေစင်ကြီးမှ
သောင်ဘွဲ့တာလေး
တာ ဒါဒေ
မတူပါဘူး

mgyoe.com

mgyoe.com SAMPLE BOOK

သူများဆယ်ကျော်သက်တွေလိုပဲ ဂျီဂျီမှာ သူငယ်ချင်းတွေရှိတာပေါ့။ အလင်းဆိုတဲ့ လင်းကြည်သာ၊ ဖိုးသားဆိုတဲ့ ငြိမ်းချမ်းစစ်၊ ငယ်ပူးဆိုတဲ့ ညိုမိကျော်၊ ဇော်ဆိုတဲ့ ထူးဇော်ထက်၊ ယောကျ်ားလေး နှစ်ယောက်၊ မိန်းကလေး နှစ်ယောက်။ ဂျီဂျီက လင်းကြည်သာကို အချစ်ဆုံး။ အဲဒါ တခြားလူတွေကို မပြောဖို့ အလင်းကို နှုတ်ပိတ်ထားရသည်။ အလင်းက ငကြွားမ၊ အာပြဲစိန်မလေ။ တစ်ခါတလေ နင်က ငါချစ်သလောက် မချစ်ပါဘူးလို့ပြောကာ မျက်ရည်က ဝဲတတ်သေး။ ဂျီဂျီက လျှို့ဝှက်တတ်မှန်းလည်း သိသားနဲ့။ ချစ်တယ်ဆိုတာ ဘယ်လို ပြရပါလိမ့်နော်။ မုန့်တစ်ခုပဲရှိရင် ဘယ်သူ့ကိုမှ မပေးဘဲ အလင်းကိုပဲ ပေးမည်။ တော်ပြီပေါ့ ဒီလောက်ဆို။ အလင်းချစ်သလောက် ဂျီဂျီက မချစ် ဆိုတာကတော့ မှန်သည်။ မေမေက ဘယ်သူ့ကိုမှ လွန်ကဲတဲ့ သံယောဇဉ်မထားဖို့ သင်ပြသွားသည်ပဲ။

ငယ်ပူးကတော့ နာမည်နဲ့လိုက်အောင် ကြောက်တတ်သူ။ ဆရာမက လူမှားပြီး ရိုက်မိရင်တောင် သူမဟုတ်ကြောင်း မပြောရဲဘဲ ငြိမ်ခံတတ်သည်။ ဘယ်လိုလဲမသိ။ ဖိုးသားက ငပေါ။ စာတော်သလောက် ကြောင်တဲ့ မှန်ကြောင်လေး။ ပိန်ညှောင်ပိုးဟပ်ဖြူ။

အင်း… ဇော်ကတော့ ပေါ်ပြူလာငနဲလေ။ ကျောင်းတုန်းကဆို ကောင်မလေးတွေ သည်းသည်းလှုပ်။ အဲဒီကောင်က မင်းသားစတိုင် ဖမ်းတတ်သူ။ ဂျီဂျီတို့အုပ်စုထဲ နောက်ဆုံးမှ ရောက်လာတာ။ စိတ်ရင်းကောင်းမှန်းသိလို့သာ လက်ခံလိုက်ရတာ။ အလင်းဆို သူ့ကို ပက်ပက်စက်စက် ပြောဖူးသည်။ 'အခြောက်ကြီး' တဲ့။ ဇော်ကတော့ ဂျီဂျီ့အနှံ့အတာကို အတော်သည်းခံသည်။ ဒေါသတကြီး အော်လည်း ထွက်မသွား။

mgyoe.com

mgyoe.com SAMPLE BOOK


ဆယ်တန်းအောင်စာရင်းမထွက်သေးတော့ ဂျီဂျီတို့အုပ်စု အင်မတန် တွဲဖြစ်နေကြသည်။ ဖေဖေကတောင် မျက်စိမူးလာသတဲ့။ အိမ်ကို ခေါ်မလာနဲ့တဲ့။ ဂျီဂျီ အကျီကို ကမန်းကတန်း လဲရသည်။ အထွေအထူးမရှိ။ ချည်သားဘောင်းဘီ ဖိုးကွာတားနဲ့ တီရှပ်လက်စကပေါ်မှာ ရှပ်အကျီလက်တိုတစ်ထည် ကောက်စွပ်။ ဒါပဲ၊ ပြီးပြီ။ မေမေ ရှိတုန်းကတော့ မေမေ့အလိုကျ ဂါဝန်လှလှလေးတွေပေါ့။ ဂျီဂျီကတော့ အဲဒီ ဂါဝန်တွေကို မုန်းသည်။ စက်ဘီးစီးလို့လည်း မကောင်း၊ စကိတ်စီးလို့ ရှိရင်လည်း ဂါဝန်က မီးပုံးပျံ ဖြစ်လို ဖြစ်နဲ့။ ခု ဆံပင်လည်း နည်းနည်းရှည်လာပြီ။ ပခုံးတောင် ကျော်နေပြီ။ မေမေကတော့ ဘော့ဟဲယားဆိုတဲ့ စိတ်ပျက်စရာ ဆံပင်ကြီးပဲ ညှပ်ပေးတာ။ ဂျီဂျီရုပ်က ဂျပန်မရုပ်ဖြူဖြူကြီးတွေလိုပဲ။ သိတယ် မဟုတ်လား။ သရဲကားတွေမှာ ပါတတ်တယ်လေ။ ဂျပန်ကီမိုနို ဝတ်ထားတဲ့ ဆံပင်ကုပ်ကုပ်နဲ့ ဂျပန်မရုပ်ကို။ ခုမှ ဂျီဂျီက လှလာတာ။ ဟဲ ဟဲ။

"ဂျီဂျီ"

ဟာ… အာပြဲမ လာပြီ။ ခြံပြင်ကနေ အော်ခေါ်နေလိုက်တာ ဟိုဘက် တောင်ကုန်းလေးပေါ်က ဘုရားကျောင်းကတောင် ကြားလောက်တယ်။

"လာပြီ"

ပြတင်းပေါက် ခေါင်းထွက်ပြီး ပြန်အော်တော့ အခန်းတံခါးပွင့်လာပြီး အန်တီစူးက ရှူးခနဲ လာလုပ်ပြသည်။

"နစ်ကီ အိပ်နေလို့ ဂျီဂျီ တိုးတိုးနော်"

ဂျီဂျီ စိတ်ဆိုးရင် သူ့ကို နာမည်အမျိုးမျိုး ပေးသည်။ နစ်ကီကို ဂျီဂျီလည်း ချစ်ပါသည်။ ကိုယ့်မောင်လေးပဲဟာ။ အန်တီစူးနဲ့ဖေဖေ အသည်းပိုလွန်းလို့ သူတို့ရှေ့မှာ ဘယ်တော့မှ မောင်လေးကို မနမ်းဘူး။ ဂျီဂျီ ကမန်းကတန်း ပြေးဆင်းသွားရသည်။ အလင်းက ဆက်အော်နေဦးမှာစိုးလို့။

"ဟဲ့… စကိတ်စီးမှာနော်"

ဘုတ်စကိတ်လေးကိုပိုက်ရင်း ဂျီဂျီ လှမ်းပြောလိုက်သည်။

"အေးပါဟာ အခြေအနေအရပဲ"

"ဟာ… ဘာအခြေအနေအရလဲဟ၊ သစ်တောလမ်းကုန်းဆင်း သွားမယ်လေဟာ"

"အေး… သွားတာပေါ့။ ဖိုးသားကို သွားနှိုးရဦးမယ်"

"ဒီမှန်ကြောင်လေးကလည်း အိပ်တုန်းလား"

"မသိဘူးလေ၊ ဒီအချိန် နိုးဖူးလို့လား"

mgyoe.com

mgyoe.com SAMPLE BOOK


ဟုတ်သားပဲ။ ဖိုးသားက သိပ်အအိပ်မက်တာလေ။

ဖိုးသားအိမ်ရောက်သွားတော့ လူစုံနေပြီ။ အမယ်လေး ထူးထူးခြားခြား အစောကြီး ထလို့ပါလား။

"ဘယ်လိုဖြစ်လို့ လူစုံနေကြတာလဲ"

အလင်းက လှမ်းအော်လိုက်သည်။

"ဘယ်သွားကြမှာလဲ"

ဂျီဂျီက လှမ်းမေးတော့ ဇော်က လက်ကာပြသည်။ သြော်… သူတို့နှစ်ယောက်က ငယ်ပူးပြောတာကို စိတ်ဝင်တစား နားထောင်နေကြတာကိုး။ ဘာအကြောင်းပြောတာလဲ ဆိုတော့ သရဲအကြောင်းတဲ့။ သရဲအကြောင်းများ မကြောက်ပါဘူး။ ညတိုင်းလိုလို သရဲလို ကြောက်စရာကောင်းတဲ့ အိပ်မက်တွေ မက်နေကျပဲဟာ။ ငယ်ပူးကပြောတော့ မြို့ပြင်နားက တစ်အိမ်တည်း ဆောက်ထားတဲ့ အိမ်ကြီးက အင်မတန် သရဲခြောက်သတဲ့လေ။ ဂျီဂျီက သွားကြည့်မလားမေးတော့ ငယ်ပူးက ပခုံးတွန့်ပြသည်။ သွားကြည့်ဖို့ဖြင့် မရဲဘဲနဲ့များ။

"ကဲပါဟာ အားလုံးထ၊ သစ်တောလမ်းမှာ စကိတ်သွားစီးမယ်"

"ဟုတ်ပါပြီ၊ အလင်း၊ ပြုတ်ကျရင် နင် အာပြဲကြီးနဲ့ အော်မငိုနဲ့နော်၊ ငါရှက်တယ်"

မင်းသားပုံဖမ်းနေသော ဇော်က ပြောတော့ အလင်းက နှုတ်ခမ်းကို မဲ့သည်။

"ဘာရှက်စရာရှိလဲကွ၊ နာလို့ အော်ငိုတာပဲဟာ"

ဖိုးသားက ဝင်ပြောတော့မှ ဇော်က အလင်းကို မျက်စောင်းထိုးပြီး ခြံတံခါးဖွင့်ကာ ထွက်သွားသည်။ အခြောက်လို့ အားလုံး ဝိုင်းပြောကြမှာတော့ ဇော်က ကြောက်သည်။ ဘာဖြစ်လဲ စတာပဲဟာ။ အခြောက်လို့ပြောတာ ဘာနာစရာရှိလဲ။

"ဟေး"

ပျော်ရွှင်စွာ အော်လိုက်သော အသံများက ကျယ်လောင်စွာ လွင့်ပျံ့လာသည်။

ကုန်းထိပ်ကနေ ဘုတ်စကိတ်ကိုစီးပြီး အရှိန်နဲ့ ဆင်းရတာကို ဂျီဂျီတို့အားလုံး ကြိုက်သည်။ ချော်လဲ ဒူးပြဲတော့လည်း အလင်းကလွဲပြီး ဘယ်သူမှ မငိုကြ။ ပြန်ထပြီး စီးလို့ရရင် ပြန်စီးတာပဲ။ စကိတ်စီးပြီးရင် တို့ဟူးနွေး သွားစားကြဦးမှာ။ ပြီးရင် ရေစင်ကြီး ပေါ်မှာ သွားပြီး စာအုပ်ဖတ်ကြမည်။ ထမင်းစားချိန်မှ လမ်းခွဲ။ ညနေ ပြန်ဆုံ။ ဂျီဂျီတို့နဲ့ မြို့ကလေးက မွေးကတည်းက ခွဲခြား မရခဲ့။ မွေးကတည်းက ဘယ်မြို့ကိုမှ ပြောင်းရွှေ့ မနေခဲ့ဖူးဘူး။

ရေစင်ကြီးပေါ်ကနေ ရပ်ကြည့်ရင် ဂျီဂျီတို့ခြံကလေးကို သေးသေးလေးမြင်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ဂျီဂျီတို့ခြံက အနိမ့်ပိုင်းမှာမို့ မြင်ရသည်။ ရေစင်ကြီးက မသုံးတော့တာ ကြာပြီ။ သိပ်လည်း မမြင့်လှ။ ထုထည်ကသာ ကြီးတာ။ ရေစင်ကြီးအောက် မလှမ်းမကမ်းမှာတော့ ပန်းနှမ်းစိုက်ခင်းတွေ။ စိုက်ခင်းတွေကြားမှာလည်း ဂျီဂျီတို့ ပြေးလွှားဆော့ဖူးသည်။ ဟိုးရှေ့ဘက်မှာတော့ ထင်းရှူးပင်တန်းကလေး။ ဂျီဂျီတို့ရဲ့ပစ္စည်းအချို့ ရေစင်ကြီးပေါ်မှာရှိသည်။ ဖိုးသားအိမ်က သယ်လာတဲ့ မွေ့ရာအစုတ်ကြီးက ရေမြှုပ်တုံးကြီးရယ်၊ လှုပ်ကုလားထိုင်အဟောင်းကြီးကတော့ ရေစင်ကြီးပေါ်မှာ အစကတည်းက ရှိသည်။ ဟောင်းနေတာကလွဲလို့ မပျက်စီးသေး။ ထိုင်လို့ရသည်။ ငယ်ပူးရဲ့ စားပွဲခုံပေါက်စနလေးရယ်။ ဂျီဂျီ လာထားထားတဲ့ ငယ်ငယ်တုန်းကဆော့တဲ့ ဘိုမရုပ်တစ်ရုပ်လည်းရှိသည်။ ထင်းရှူးပုံးထဲမှာတော့ မိုနိုပိုလီတို့၊ မြွေလှေကားကတ်တို့လို ဆော့စရာတွေ။ အလင်းရဲ့ပန်းအိုးကိုတော့ နေကြာပန်းစိုက်ထည့်ထားပြီး ထင်းရှူးပုံးပေါ် တင်ထားသည်။ ပြီးတော့ ဇော်ရဲ့မှန်တစ်ချပ်။ မှန်ကတော့ ကြည့်ဖို့မဟုတ်ပါဘူး။ တစ်ယောက်ယောက် ရောက်နေရင် နေရောင်မှာထောင်ပြီး အချက်ပြဖို့။ တစ်ခါတလေ ဇော်နဲ့ဖိုးသားက နှစ်ယောက်တည်းလာနေရင် နေတာ။ ဂျီဂျီတို့မိန်းကလေးသုံးယောက် လိုက်ရှာရင် မှန်ကို နေရောင်မှာထောင်ပြီး သူတို့ရှိကြောင်း အချက်ပြလေ့ရှိသည်။

ငယ်ပူးနဲ့အလင်းက ရေမြှုပ်တုံးကြီးပေါ်မှာလှဲပြီး စာဖတ်နေသည်။ အခုတစ်လော သူတို့တွေ စိတ်ဝင်စားနေကြတာ သရဲအကြောင်းတဲ့။ ဂျီဂျီကတော့ မဖတ်ချင်ပါဘူး။ ဇော်နဲ့ဖိုးသားက ဖျာပေါ်မှာ ထိုင်ပြီး ကျားထိုးနေကြသည်။ ဂျီဂျီကတော့ သူတို့ မထိုင်ရဲတဲ့ လှုပ်ကုလားထိုင်ကြီးပေါ်မှာ ထိုင်ကြည့်နေသည်။

"ဟဲ့… ဂျီဂျီ၊ လာဦး၊ ဒီစာအုပ်က ကြောက်စရာကောင်းတယ်၊ ဇာတ်လမ်းငါပြောပြမယ်"

ငယ်ပူးအကျင့်က ဒီလိုပဲ၊ ဇာတ်လမ်းပြောရတာ တော်တော်ကို ဝါသနာပါတယ်။

"ဟာ… နားမထောင်ချင်ပါဘူး၊ သရဲလည်း မကြောက်ဘူး"

ပြောရင်းနဲ့ အဖြစ်အပျက်တစ်ခုကို သတိရလာသည်။ ရေစင်ကြီးပေါ် ပထမဆုံး ကြောက်ကြောက်နဲ့ တက်ကြည့်ကြသောနေ့။ တစ်ယောက်နဲ့တစ်ယောက် လက်တွဲထားရင်းကနေ ရေစည်ပုံးကြီးထဲကနေ အသံတွေကြားလာရသည်။ ဆူညံပြေးလွှားနေသော အသံတွေ၊ ညည်းသံတွေ။ ဝုန်းဒိုင်းကြဲနေတာပဲ။ အားလုံးအကြီးအကျယ်လန့်ကာ ဆင်းပြေးကြမယ်အလုပ် သတ္တိအကောင်းဆုံး ဂျီဂျီက ရေစည်ပုံးကြီးကို ဘေးမှာ ကပ်ထားတဲ့ လှေကားသေးသေးလေးကနေ တက်ကြည့်ဖို့ ပြင်သည်။ ကျန်တဲ့လူတွေက ဒိုင်းဆွဲသော်လည်း မရ။ အိမ်က ယူလာတဲ့

mgyoe.com

mgyoe.com SAMPLE BOOK


လက်နှိပ်ခေတ်မီးကိုကိုင်ပြီး တက်သွားသည်။ သူငယ်ချင်းတွေကတော့ ပြေးလည်း ပြေးချင်သည်။ ဂျီဂျီ့ကိုလည်း မထားခဲ့ရက်သည်မို့ လေးယောက်သား ပူးကပ်ပြီး ရပ်ကြည့်နေရတာပေါ့။ လှေကားကျဉ်းလေးအတိုင်း ဂျီဂျီ တက်သွားရင်း ရေစည်ပုံးကြီးအဝကို ရောက်လာသည်။ ကြောက်စိတ်ကိုမျိုချပြီး လက်နှိပ်ခေတ်မီးကို အသာထိုးကြည့်လိုက်တော့ အားပါး ခိုတွေအများကြီးပဲ၊ အသိုက်လုပ်နေတာ။ ခိုဥတွေရော။ ဒါပေမဲ့ ကျန်တဲ့လူတွေကို နောက်ချင်လာတာနဲ့ အရမ်းကြောက်ချင်ယောင်ဆောင်ပြီး ပြေးဆင်းသွားတော့ အားလုံး ဝုန်းဆို လိုက်ပြေးဆင်းလာကြသည်။ အောက်ရောက်တော့ ဘာတွေ့လဲ၊ ဘာတွေ့လဲလို့ ဝိုင်းပြီး အလန့်တကြား မေးကြတော့မှ ခိုတွေလို့ ဂျီဂျီ ရယ်ပြီး ဖြေလိုက်ရော ဝိုင်းဆဲကြတာပေါ့။

နောက်ပိုင်းကျတော့ ခိုတွေ မရှိတော့ပါ။ ဂျီဂျီတို့က ရေစင်ကြီးပေါ်ကို ခဏ ခဏ တက်သွားကြတာကိုး။ ပြန်တွေးပြီး ရယ်ချင်လာသည်။ ခိုတွေကိုများ သရဲထင်လို့တဲ့။ ရေစင်ကြီးပေါ် မသွားဖို့ ဖေဖေက ပြောသော်လည်း ဂျီဂျီ နားမထောင်၊ ဒီနေရာလေးကို ဂျီဂျီကတော့ ကြိုက်တာပဲ။

"ဗိုက်ဆာလာပြီ"

ဇော်က ထအော်သည်။

"အေး… ငါရောပဲ"

ဖိုးသားကတော့ အမြဲ ဗိုက်ဆာနေတာပါ။

"ပြန်ကြမယ်လေ၊ နောက်နေ့ ငါ့ပုံဆွဲစာအုပ် ယူလာဦးမယ်"

ငယ်ပူးက ပန်းချီလည်း မတောက်တခေါက် ဆွဲတတ်သည်။ ရေစင်ကြီးပုံတောင် သူ ဆွဲထားသေးတာ။ သိပ်လည်း မတူပါဘူး။

❐

mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းထဲမှာ ရီဝေဝေ မူးနောက်နောက်နဲ့ ပြန်ရောက်လာသည်။ ခြံတံခါးကို မနည်း တွန်းဖွင့်လိုက်ရသည်။ အိပ်စက်အနားယူလိုက်ရင် သက်သာမယ်ထင်ပါရဲ့။ ယိုင်လဲလဲ ခြေလှမ်းတွေနဲ့ အိပ်ခန်းထဲ လှမ်းဝင်လိုက်ပြီး ခုတင်ပေါ် လှဲချလိုက်သည်။ ဘယ်အချိန်မှာ ပျော်ရွှင်ရမလဲ။ မတွေးနဲ့။ သက်နှင်းသူသည် မီးခိုး။ ခဏသာလွင့်ပြီး ထာဝရပျောက်ကွယ် ရမည် ထင်ပါရဲ့။ ခင်တွယ်မယ့်သူ မရှိ။ အမေ့ရဲ့ အစွန့်ပစ်ခံ။ အားလုံးရဲ့ အငြင်းပယ်ခံ။ ဝမ်းမနည်းနဲ့ နှင်းသူ။ မီးခိုးလို လွင့်လိုက်ပါ။

အိပ်ရာက ဆာလောင် မွတ်သိပ်စွာ နိုးလာသည်။ ဘယ်သူကမှ ချက်ကျွေးနေမှာ မဟုတ်။ ရီဝေဝေ ယိုင်နဲ့နဲ့ ခန္ဓာကိုယ်ရဲ့တောင်းဆိုချက်ကို လိုက်လျောရဦးမယ်။ စိတ်ပျက် စရာ ကောင်းလိုက်တာ။ မီးဖိုချောင်မှာ တွေ့ရသော စားစရာမှန်သမျှ ဗိုက်ထဲထည့်သည်။ အရသာ မသိ။ သိုးနေလား မသိ။ ဗိုက်ပြည့်တော့ ရပ်လိုက်သည်။ ဘာတွေ စားမိမှန်းလည်း မမှတ်မိ။ သိမ်းစရာရှိတာသိမ်းရင်း ပုလင်းတစ်လုံး သွားတွေ့သည်။ အထဲမှာ ဘာတွေပါလိမ့်။ ဖွင့်ကြည့်လိုက်တော့ လောက်ကောင်တွေများစွာ ထွက်လာသည်။ နှင်းသူလက်ပေါ် တချို့ တက်လာသည်။ ပုလင်းကို လွှတ်ချလိုက်တော့ ပုလင်းကွဲပြီး ညှီစို့နံဟောင်သောအနံ့ ထွက် လာသည်။ လောက်ကောင်တွေ သမံတလင်းပေါ်မှာ ဖွေးဖွေးလှုပ်လှုပ်။ ယောင်ပြီး ငုံ့ကြည့် နေမိသည်။ ခေါင်းထဲမှာ မိုက်ခနဲ မိုက်ခနဲ။ နားထဲမှာ နှင်းသူရဲ့နာမည်ကို ခေါ်သံတွေ။ အား... အဲဒီနေရာမှာပဲ အန်ချလိုက်သည်။ အဘွားထွန်းကြီး လာရပ်ကြည့်ပြီး ရယ်နေလား။ နှင်းသူ ပြေးထွက်သွားချင်သည်။ ပြေးလို့မရ၊ ခြေထောက်တွေကမရွေ့။ တဝေ့ဝေ့နှင့်လည်း

mgyoe.com

mgyoe.com
SAMPLE BOOK


အန်နေဆဲ။ ယင်ကောင်တွေ အုပ်လိုက်အုံလာသည်။ နှင်းသူမျက်စိထဲမှာတော့ မျက်လုံးကြီး ပြူးပြီး သေနေသောအဘွားထွန်း။ မျက်နှာကြက်မှာ ကြိုးတစ်ချောင်းတွဲလောင်းကျလို့။

ဘယ်အချိန်က အိပ်ပျော်သွားမှန်းမသိ။ ဖျတ်ခနဲ နိုးလာတော့ အရုဏ်ဦးအလင်းရောင် နီပြေပြေလေးကို ပြတင်းပေါက်က မြင်နေရပြီ။ တော်သေးတာပေါ့။ မကြာခင် မိုးလင်း တော့မှာမို့ ညက မီးဖိုချောင်ကို ရေဆေးချရတာ တော်တော်ပင်ပန်းသွားသည်။ လောက်တွေ နဲ့ပုလင်းက တကယ်တော့ အဘွားထွန်း ငါးပိကောင်သိပ်ခဲ့သော ပုလင်း။ ငါးပိကောင်တွေကို လောက်တွေတက်နေတာ။ ညက ဘာအိပ်မက်မှမမက်ခဲ့ပါ။ သွေးပျက်စရာကောင်းနေရတဲ့ ကြားထဲ အိပ်မက်တွေ ထပ်မက်လို့ကတော့ ရူးသွားဖို့ပဲပေါ့ကွယ်။ ကိုယ်မရူးချင်ပါဘူး။ အဘွားထွန်းကြီးကပဲ ရူးနေတာ။ နှင်းသူ အဘွားထွန်းအိမ်မှာ တစ်ယောက်တည်းနေရတာ တစ်နှစ်ကျော်ပြီ။ အဖော်ခေါ်ကြည့်သေးသည်။ လခပေးရသော အိမ်အကူမလေးတွေ။ ဘယ်သူ ကမှ တစ်လပြည့်အောင် မနေကြ။ သူတို့ပြောတော့ သရဲခြောက်သတဲ့။

စိတ်အချဉ်ပေါက်လာပြီး အပေါ်ထပ်က အဘွားထွန်း အခန်းရှေ့သွားပြီး ရပ်နေ လိုက်သည်။ အဘွားထွန်းကြီး သရဲဖြစ်နေလည်း လိပ်ပြာလွင့်အောင်သာ ခြောက်လိုက် ပါတော့။ ရှင်နေရတာ အဓိပ္ပာယ် မရှိလွန်းလို့။ အခန်းတံခါးကို ဖွင့်ကြည့်ချင်လာသည်။ အိမ်ရှေ့ ဗီရိုအဟောင်းကြီးထဲက သော့တွဲကြီးကို သွားယူပြီး အခန်းသော့ခလောက်ကို ဖွင့်သည်။ တော်တော်နဲ့ဖွင့်မရ။ ဟိုးခေတ်က ကြေးသော့ကြီးတွေဖြစ်သည့်အပြင် မဖွင့်တာ ကြာလို့ ဖွင့်ရခက်နေတာ။ တံခါးဖွင့်ဖွင့်လိုက်ချင်းမှာ နှာခေါင်းထဲ ဖုန်နံ့တွေ တိုးဝင်လာသည်။ ဖုန်တွေ ထသွားသောကြောင့် အခန်းထဲကို ချက်ချင်း မမြင်ရသေး။ နောက် မြင်ရတာက ကြေးခုတင်အကြီးကြီးတစ်လုံး၊ ရှေးက လူခြေထောက် ဒေါက်ပုံကြီးတွေပါတဲ့ ဗီရိုမည်းမည်း ကြီးက ခုတင်ဘေးမှာ၊ မှန်တင်ခုံပုပုလေးရှေ့က သနပ်ခါးကျောက်ပျဉ်၊ ပြီးတော့ ကြမ်းပျဉ် ပေါ် ပုံချထားသော အဝတ်ရုပ်များစွာ။ တချို့က ခေါင်းမရှိ။ တချို့က မီးတစ်ဝက်တစ်ပျက် လောင်လျက်၊ တချို့ကို အပ်များစွာ စိုက်ထားသည်။ အဘွားထွန်း စိတ်ရူးပေါက်စွာ လုပ်ထားသော အဝတ်ရုပ်တွေပေါ်မှာ ပိုးဟပ်တွေ ပြေးလွှားလို့။ အခန်းထဲမဝင်ဘဲ ပြန်ပိတ် လိုက်သည်။ မျက်နှာကြက်ကိုတော့ မော့မကြည့်တော့။ မော့ကြည့်ရင် မျက်နှာကြက်ကို ဖောက်တပ်ထားသည့် သံချိတ်ကောက်မည်းမည်းကြီးကို တွေ့ရမယ်။ မီးအိမ်ချိတ်ဖို့ တပ်ထား တာတဲ့။ အဘွားထွန်းတို့ ငယ်ငယ်က လျှပ်စစ်မီး မသွယ်ရသေး။ အဲဒီ သံချိတ်ကောက် ကြီးကို တမင်ကို မကြည့်တာ။ ကြိုးတန်းလန်းကြီးကို မြင်ယောင်မိမှာစိုးလို့။

mgyoe.com

mgyoe.com SAMPLE BOOK


မနက်စောစောကြီး စိတ်တွေနောက်ကျိလာရပြန်ပြီ။ ဒီအခန်းကြီးကို ကြည့်မိတာမှားတာပဲ။ အပြင်မြန်မြန်သွားမယ်။ သက်နှင်းသူက ဒီလိုပဲ တစ်နေ့လုံးလှည့်ပတ်သွားလာပြီး မိုးချုပ်ခါနီးမှ မပြန် မဖြစ် ပြန်လာသည်။ ဘေးခြံတွေကတော့ ရှိးနေပြီ။ စပ်လည်း မစပ်စုနိုင်တော့။ နှင်းသူကိုလည်း အခေါ်အပြော မလုပ်ကြ။ အဘွားထွန်းကြီးမြေးဆိုပြီးတော့လေ။ သူတို့သိပ်ကြောက်ကြတာ။ ဒီနေရာက အိမ်လည်း နံတယ်၊ လူတွေလည်း နံတယ်။ ကောင်းတယ် အဲဒါပဲ။ မေမေ့ရဲ့စနေဂြိုဟ်မကိုလည်း သူတို့က ဝေးဝေးရှောင်ကြတာပဲ မေမေ။ သက်နှင်းသူ သိပ်လှတာပဲဆိုပြီး အနားကပ်လာတဲ့ ယောက်ျားတွေတော့ ရှိတယ်။ နှင်းသူ ဒီအိမ်မှာ နေမှန်းသိတော့ ထွက်ပြေးသွားကြတာချည်းပဲ။

သူတို့ စကားလာပြောရင် ပြောချင်တာတွေ ပြန်ပြောသည်။ တစ်နေရာ သွားရအောင် လို့ခေါ်ရင် အမြဲ ခေါင်းခါသည်။ ဘာလို့ လိုက်ရမှာလဲ။ ငါက အရူးမမှ မဟုတ်တာ။ နှင်းသူ အဘွားထွန်းမြေးမှန်း ပြောလိုက်ရင် ပြေးလိုက်တာ တန်းနေတာပဲ။ အဘွားထွန်းကို ဒီတစ်ခုတော့ ကျေးဇူးတင်ရသေးသည်။ ဘယ်သူကမှ အန္တရာယ်မပေးရဲလို့လေ။ ဒီမြို့လေးက နဂိုကမှ အယူက ခပ်သီးသီးရယ်။

မှန်ရှေ့ရပ်တော့ ဆံပင်ဖုတ်သိုက်၊ မျက်ကွင်းညိုညိုနဲ့ မိန်းမတစ်ယောက်ကို မြင်ရသည်။ ဆံပင်ဖြီးရဦးမယ်။ ဟိုးတစ်ခါ နှင်းသူ အရမ်းနေမကောင်းတုန်းက မေမေ ကျစ်ဆံမြီးကျစ်ပေးဖူးတာကို မြင်ယောင်သည်။ ဒီလိုတော့လည်း မေမေက နှင်းသူကို ချစ်သားပဲနော်။ မေမေက သေသွားပြီလေ။ ဘယ်တော့မှ ကျစ်ဆံမြီးကျစ်ပေးတော့မှာ မဟုတ်ဘူး။ နှင်းလို့လည်း ခေါ်တော့မှာ မဟုတ်ဘူး။ ချမ်းလိုက်တာ၊ နဖူးကိုစမ်းကြည့်တော့ ပူကျစ်နေတာပဲ။ အား••• ငါတော့ ဖျားပြန်ပြီ။ စိတ်ပျက်စရာ။ တစ်ယောက်တည်းဖျားရတာ သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ။ ဆေးလည်း မသောက်ချင်ဘူး။ ခေါင်းတွေ တဒိတ်ဒိတ်နဲ့ သွေးတိုးလာသည်။ အသက်ရှူလည်း မဝ။

ငယ်ငယ်ကတည်းက ခဏခဏဖျားသည်။ လူမှန်းမသိအောင် အကြီးအကျယ်လည်း တစ်ခါဖျားဖူးတယ်။ နှင်းသူ ဆယ့်ခြောက်နှစ်လောက်တုန်းကပေါ့။ မေမေက ပြုစုပေးတယ်။ အဲဒီတုန်းက ငါ့ကို မေမေ သိပ်ကြင်နာတာပဲ။ ဆံပင်တွေဖြီးပေးတယ်။ နည်းနည်းနာလန်ထလာတော့ နှင်းသူကို မှန်တင်ခုံရှေ့မှာထိုင်ခိုင်းပြီး ကျစ်ဆံမြီးလေးကို စိတ်ရှည်လက်ရှည် ကျစ်ပေးခဲ့ရင်း–

'နှင်းက သိပ်လှတာပဲ'တဲ့။

မေမေ့ကို သိပ်ပြီး ချစ်သွားခဲ့ရတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK


'တကယ်လား မေမေ၊ မေမေနဲ့တူလို့ နှင်း လှတာပါ'

လို့ မချွဲစဖူး ပြန်ချွဲလိုက်မိသေးသည်။ ဟုတ်တယ်၊ တစ်သက်မှာ အကြည်နူးဆုံး အချိန်လေး။ မေမေက နှင်းသူကို မနမ်းခဲ့ပါ။ ပြုံးပဲ ပြုံးနေခဲ့လေသည်။ တစ်သက်လုံး နှလုံးသားထဲကို စွဲထင်ကျန်ရစ်မည့် အပြုံး။ အိပ်မက်တွေထဲထိရောက်သည့် အပြုံး။ ပြုံးပါဦး မေမေ။ နှင်း ဒီအတိုင်း တစ်သက်လုံးပဲ ဖျားနေပါလေ့စေ။

ပြတင်းပေါက်မှန်ကို တစ်ခုခုလာမှန်ပြီး ကွဲသွားသံ ရုတ်တရက် ကြားလိုက်ရသည်။ အိမ်ရှေ့ကို ကမန်းကတန်း ထွက်ကြည့်တော့ စက်ဘီးနောက်မီးနှစ်ခုကို ရိပ်ခနဲ တွေ့လိုက်ရသည်။ မှင်စာကောင်လေးတွေ။ လမ်းသရဲလေးတွေ။ အိမ်ထဲကို ခဲနဲ့ ပေါက်သွားပြန်ပြီ။ စက်ဘီး ချောက်ထဲ ပြုတ်ကျပါစေ။ စိတ်ထဲမှ ကျိန်ဆဲလိုက်သည်။ သူတို့က နှင်းသူကို သွေးစုပ်ဖုတ်ကောင်တဲ့။ နာမည်ပေးထားပြီး တစ်ခါတစ်ရံ အော်ဟစ်ကာ ပြေးသွားတတ်သည်။

တစ်ခါက အဲလိုအော်ပြီး ပြေးသွားသော ကောင်လေးတစ်ယောက်ကို နှင်းသူ ဖမ်းမိဖူးသည်။ ကုပ်ကနေ ဆွဲခေါ်လာပြီး အိမ်ထဲကို တရွတ်တိုက် ဆွဲသွင်းလာသည်။ အိမ်ထဲရောက်တော့ ခုံတစ်ခုံမှာ ထိုင်ခိုင်းပြီး-

"ကဲ… ပြောစမ်း၊ ငါ့ကို နင်တို့ ဘယ်လို ခေါ်လိုက်သလဲဆိုတာ"

ကောင်လေးက အကြောက်လွန်ပြီး တက်မတတ် ချက်မတတ် ဖြစ်နေပြီ။

"ကျွန်တော်…ကျ…ကျွန်တော် သွားပါရစေ"

အသံတောင် သိပ်မထွက်တော့ပေ။

"မသွားရဘူး"

နှင်းသူ အကျယ်ကြီးအော်လိုက်တော့ တစ်ကိုယ်လုံး အကြောဆွဲသလို ဆတ်ဆတ် တုန်လာသည်။ ကြောက်ပြီး သေသွားမှာစိုးလို့-

"ခွေးမသားလေး၊ နောက်တစ်ခါ ဒီလိုလာအော်ကြည့် သေပြီသာမှတ် သွားတော့"

ဆိုပြီး ပြန်လွှတ်လိုက်သည်။ ကောင်လေး ပြန်လှည့်၍ပင် မကြည့်။

ပြေးလိုက်တာ။ နှစ်ခါတောင် ချော်လဲသွားသေးသည်။ အဲဒီကောင်လေးကိုကြည့်ပြီး နှင်းသူ အော်ရယ်သည်။ ပြီးတော့ အော်ငိုသည်။ ငါ့ကိုများ သူတို့က ကြောက်စရာလို့ ထင်နေကြပြီ။ နှင်းသူကို လူလို့ မသတ်မှတ်ကြတော့ဘူးလား။ နှင်းသူက ဘာလဲ။ ဘာလို့ ဝိုင်းပြီး ပယ်ထားကြတာလဲဟင်။

ဘေးခြံက ကြောင်လေးတစ်ကောင်ကို မွေးစားဖို့ ကြံဖူးသေးသည်။ အသာလေး ခိုးယူလာပြီး ပွေ့ထားရာမှ ကြောင်လေး နှင်းသူမျက်နှာကို ကုတ်ခြစ်ပြီး ထွက်ပြေးသွား

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။ အဲဒီကတည်းက နှင်းသူကို ဘယ်သက်ရှိမှ မလိုချင်ဘူးဆိုတာ သိခဲ့ပြီ။ နှင်းသူ ရုပ်မဆိုးပါဘူး။ လှတယ်ဆိုပြီး အပြောခံရဖူးတာပဲ။ ဘာတွေမှား မှားနေပါလိမ့်။ သောကြာနေ့ မွေးမယ်ထင်ထားပြီး သောကြာနာမည်လည်း ပေးထားပြီးမှ နှစ်မိနစ်ထဲကူးပြီး စနေသမီး ဖြစ်သွားတာ နှင်းသူ အမှားလား။ ဖေဖေက နှင်းသူ မွေးတဲ့နေ့မှာပဲ သေသွားတာ နှင်းသူ အမှားလား။

❒

mgyoe.com

mgyoe.com SAMPLE BOOK

ဂျီဂျီ ပြန်လာတာ နောက်ကျသွားသည်။ ဖေဖေက မြို့ထဲမှာ မုန့်သွားစားကြမယ် ပြောထားတာ မေ့သွားလို့။ စက်ဘီးကို အမြန်နှင်းပြီး မီအောင်ပြန်လာပေမယ့် ဖေဖေတို့က အဝတ်တောင် လဲပြီးနေပြီ။ ဂျီဂျီ အမောဆို့သွားတာပဲ။

''ခဏလေး ဖေဖေ၊ ဂျီ ရေချိုးလိုက်ဦးမယ်''

ဖေဖေက အန်တီစူးကို ကြည့်သည်။ အန်တီစူးက နာရီကို ကြည့်သည်။

''အာ... သမီးကလည်း နောက်ကျနေပြီကွာ၊ ရုပ်ရှင်လည်း မမီဘဲ နေမယ်။ ဖေဖေ စောပြီး ပြောထားတာပဲ''

''ဒါဆို ဒီအတိုင်းပဲ လိုက်မယ်''

အန်တီစူးက ဟိုဘက် လှည့်သွားသည်။

''နောက်တစ်ခေါက်မှလိုက် သမီးရယ် နော်''

ဘာမှ ထပ်ပြောချင်တော့။

''နစ်ကီရေ၊ မမဂျီကို တာ့တာလုပ်လိုက်''

အန်တီစူးအသံက ဝမ်းသာသွားသလိုပဲ။

ဘယ်သူ့ကိုမှ လှည့်မကြည့်ဘဲ အခန်းထဲ ဝင်သွားလိုက်သည်။ ဖေဖေများ လာပြန်ချော့မလား။ ဟင်း... ထုံးစံကို မရှိဘူး။ သူတို့မိသားစုလေး ပျော်ပျော်ရွှင်ရွှင် ထွက်သွားတာကို အခန်းပြတင်းပေါက်က ကြည့်ရင်း-

''ဟာ... ဒီမျက်ရည်ကလည်း''

မျက်နှာကို ခပ်ကြမ်းကြမ်း ဖိသုတ်ပစ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေက ဂျီဂျီ့ခံစားချက်ကို ဘယ်တော့မှ ထည့်မတွက်တာပါ။ သူများမိသားစုတွေလိုပဲ ပျော်ကြည့်ချင်သည်။ အန်တီစူးကို ချစ်မရသော်လည်း မမုန်းပါဘူး။ ဒါပေမဲ့ ဂျီဂျီ့ကို ထားခဲ့ရက်ကြတာပဲ။ ဖေဖေ ရက်စက်တယ်။ ပြတင်းပေါက်ကိုဖွင့်ပြီး ကောင်းကင်ကို မော့ကြည့်တော့ ကြယ်လေးတွေ။ အကြာကြီးငေးနေမိသည်။ ကြယ်လေးတွေကို ချစ်သည်။ ဂျီကလည်း ကြယ်လေးတွေကို ချစ်သည်။ ပြီးတော့ နှင်းတွေကို ချစ်သည်။

တစ်ယောက်တည်းနေခဲ့ရလည်း ဘာဖြစ်လဲလေ။ မေမေ့အကြောင်း စဉ်းစားမယ်။ မေမေ ဝယ်ပေးထားတဲ့ စာအုပ်တွေ ဖတ်မယ်။ ဟော… ရုတ်တရက် မီးပျက်သွားသည်။ ဒုက္ခပါပဲ။ တစ်ယောက်တည်းပါဆိုမှပဲ။ ဒီမီးကခက်တယ်။ ဖယောင်းတိုင်နဲ့မီးခြစ် ဘယ်မှာလဲ။ စမ်းစမ်း စမ်းစမ်းနဲ့ အောက်ထပ်ကို ဆင်းလာရသည်။ ဘာဆို ဘာမှကို မမြင်ရတာ။ ပြဿနာပဲကွာ။ ပါးစပ်က သီချင်းတွေ အကျယ်ကြီး အော်ဆိုလိုက်တော့ နည်းနည်းအကြောက်ပြေသွားသလိုလို။ ဖယောင်းတိုင်နဲ့ မီးခြစ်လည်း မတွေ့၍ အင်ဗာတာ ထားသောနေရာအထိ သွားလို့မရ ဖြစ်နေသည်။ စိတ်ပျက်ပျက်နှင့် လှေကားရင်းမှာပဲ ထိုင်နေရသည်။ အောက်ထပ်မှာ ဆက်ပြီး မနေရဲတော့။ သရဲမကြောက်ဘူး ဆိုပေမယ့် ဘာကို ကြောက်မှန်း မသိ ကြောက်လာသည်။ အခန်းထဲ ပြန်သွားရင် ကောင်းမယ်။ အခန်းတံခါးပိတ်ပြီး နေမယ်။

ကြောက်ကြောက်နဲ့ အိမ်ပေါ်ကို တက်ပြေးလာသည်။ အပေါ်ထပ်ကြမ်းကို လှမ်းအနင်း ကစားစရာကားကလေးနင်းမိပြီး ဟန်ချက်ပျက်သွားသည်။ နစ်ကီဆော့ထားတာနေမှာ။ အရှိန်ကို ထိန်းလိုက်သော်လည်း မရတော့။ နောက်ပြန် တလိမ့်ခေါက်ကွေး ပြုတ်ကျသွားသည်။

"အား…သေပါပြီ"

ခေါင်းထဲမှာ မှောင်မည်းသွားသည်။ လှေကားရင်းခုံစောင်းနဲ့ တိုက်မိပြီလို့ ထင်လိုက်သော်လည်း လုံးဝ မနာကျင်။ ဂျီဂျီ့လက်တစ်ဖက်ကို တစ်ယောက်ယောက်က လှမ်းဆွဲလိုက်သလိုပဲ။ ဖျတ်ခနဲ မျက်စိရှေ့မှာ မြင်လိုက်ရတာက-

"မေမေ"

ဂျီဂျီ တစ်ချက်ကျုံးအော်လိုက်သည်။ ပြီးတော့ ချောက်ကြီးထဲ ပြုတ်ကျသွားသလို ငြိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်ပြီး ဘာမှကို မသိတော့။

"မေမေ"

ကြည့်ရင်းနဲ့ပဲ ပျောက်သွားသည်။ လမ်းမှောင်မည်းကြီးထဲ တစ်ယောက်တည်း ရပ်ရင်း ကျန်ခဲ့သည်။ ဘယ်လို ပြန်ရမှန်း မသိ။

"ဂျီဂျီ့ကို မထားခဲ့ပါနဲ့ မေမေ"

mgyoe.com

mgyoe.com
SAMPLE BOOK


အကျယ်ကြီးအော်ပြောသော်လည်း မေမေမကြားတော့။ ခြေသံတွေကြားလာရသည်။ မေမေ ပျောက်သွားတဲ့နောက် ပြေးလိုက်သော်လည်း ခြေထောက်တွေက အဆမတန် လေးလံနေသည်။ ပြေးလို့လည်း မရ။ ခြေသံတွေ နီးလာပြီ။ မေမေရဲ့ မြန်မြန်ခေါ်ပါနော်။ လက်တစ်ဖက်က ဂျိုဂျို့ပခုံးကို လာကိုင်သည်။

"ကယ်ပါဦး မေမေ"

ဒီတစ်ခါတော့ အသံကိုဖွင့်ပြီး အော်လိုက်သည်။

"ဂျိုဂျို သမီးလေး"

ဖေဖေ့အသံ။ ချွေးတွေရွှဲနစ်ပြီး နိုးလာသည်။ ဂျိုဂျို အိပ်ရာထဲမှာပဲ။ ဖေဖေ့ကိုထပြီး ဖက်ထားမိသည်။

"ဂျိုဂျို့ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့"

ဖေဖေက ဂျိုဂျို့ခေါင်းကို ပွတ်ပေးရင်း-

"သမီး ဘာဖြစ်လို့ လှေကားရင်းမှာ အိပ်ပျော်နေတာလဲ၊ ဖေဖေတို့ ပြန်လာတော့ သမီး အိပ်ပျော်နေလို့ ဖေဖေ ပွေ့ချီပြီး ဒီမှာ လာသိပ်ထားတာ"

"ရှင်…သမီးက…သမီးက အောက်ကိုပြုတ်ကျသွားတာ ဖေဖေရဲ့၊ ခေါင်းကိုတောင် လှေကားခုံနဲ့ ရိုက်မိသွားတယ် ထင်တယ်"

ပြောရင်းနဲ့ နောက်စေ့ကို စမ်းကြည့်တော့ လုံးဝ မနာပေ။

"ငါ့သမီးကတော့ လုပ်ပြီကွယ်၊ အိပ်ပျော်သွားတာပါ။ ဟောက်တောင်နေလို့၊ သမီး စိတ်ထဲက ထင်နေတာ ဖြစ်မယ်၊ အခု သမီးခေါင်းက နာလို့လား"

"ဟင့်အင်း လုံးဝ မနာဘူး ဖေဖေ၊ သိပြီ ဂျို့ကို မေမေက လှမ်းဆွဲလိုက်တာ"

ဖေဖေ့မျက်နှာ ပျက်သွားသည်။

"ဟုတ်တယ် ဖေဖေ၊ ဂျို ပြုတ်ကျသွားတာ သေချာတယ်၊ နစ်ကိုကားကလေးကို မှောင်ထဲမှာ နင်းမိပြီး လှေကားပေါ်က နောက်ပြန် ပြုတ်ကျတာ"

"ကဲ… ဟုတ်ပါပြီ ပြန်အိပ်လိုက်တော့နော်၊ တော်ကြာ မောင်လေးနိုးသွားမယ်"

ဖေဖေ့မျက်လုံးထဲမှာ မယုံကြည်တဲ့အရိပ်တွေ အတိုင်းသား။

တော်တော်တော့ အံ့သြစရာကောင်းနေပြီပဲ။ ဂျိုဂျိုပြုတ်ကျသွားတာ သေချာနေတာပဲ။ ဘာပဲဖြစ်ဖြစ် ဖေဖေ့ကိုတော့ ဂျိုဂျိုနဲ့အိပ်ပေးဖို့ ပြောရမယ်။ ဖေဖေက အခန်းမီးကို ဖွင့်ပေးပြီး စောင်ခြုံပေးသည်။

"ဖေဖေ သမီးကို စောင့်အိပ်ပါ"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဂျီဂျီကလည်းကွယ်၊ သမီးက လူကြီးဖြစ်နေပြီပဲ၊ နစ်ကီ နိုးလာလို့ ဖေဖေ့ကို မတွေ့ရင် သောင်းကျန်းနေလိမ့်မယ်လေ"

ဂျီဂျီ သိသားပဲ၊ ဖေဖေ ဒီလိုပဲ ပြောမယ်ဆိုတာ၊ အခန်းတံခါးကို စေ့ပေးပြီး ဖေဖေထွက်သွားသည်။ နှင်းကြောက်လိုက်တာ မေမေ၊ မေမေ ဘယ်ပျောက်သွားတာလဲဟင်၊ ထုံးစံအတိုင်း အိပ်မက်မက်တာပဲဖြစ်မှာပါ။ ဂျီဂျီ့ပါးပေါ်မှာ မျက်ရည်စတွေ။ ဒီအဖြစ်အပျက်က တော်တော်ထူးဆန်းတာပဲ။ ဂျီဂျီကလည်း မရူးပါဘူး။ အားလုံး သိနေတာပဲ။ မေမေကတော့ ဝိညာဉ်ဖြစ်နေမှာ မဟုတ် ဆိုတာလည်း သိသည်။ တရားတော် နှလုံးထဲ ရောက်ပြီး သေဆုံးသွားတဲ့ မေမေက ဘယ်တော့မှ မကျွတ်မလွတ်ဘဝကို ရောက်သွားမှာ မဟုတ်။ ဒါဆို ဂျီတွေ့တာ ဘယ်သူလဲ။

ဂျီဂျီ မအိပ်တော့။ မိုးလင်းတဲ့ထိ မအိပ်ချင်တော့။ အတွေးတွေများစွာ ခေါင်းထဲမှာ။ နစ်ကီလေးက ကံကောင်းလိုက်တာ။ အဖေရော၊ အမေရော ချစ်ကြတယ်လို့လည်း တွေးမိသည်။ ဖေဖေက ဂျီ့ကို မချစ်တော့တာတော့ မဟုတ်။ အချစ်လျော့သွားတာ။ အေးလေ သူ့မှာ မိသားစုရှိနေပြီပဲ။ ဂျီဂျီက အပြင်လူဖြစ်သွားပြီလေ။ တစ်ယောက်တည်း ထားခဲ့ရက်တယ်လို့လည်း မေမေ့ကို အပြစ်မတင်ချင်ပါ။ မေမေ ပေးသလောက် ဂျီ ယူရမှာပဲလေ။ ဂျီဂျီ့ကို မွေးခဲ့တဲ့အတွက် ကျေးဇူးပါပဲ မေမေရေ။

❒

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနေ့ ဘယ်သွားရင်ကောင်းမလဲ၊ မြို့ကလေးကလည်း ကျဉ်းလွန်းတယ်။ ဒါတောင် ဘယ်သွားသွား ခြေကျင်ပဲလျှောက်သွားနေတာ။ နှင်းသူက စက်ဘီး မစီးချင်ဘူး။ ကမ္ဘာကြီးက သိပ်ကျဉ်းနေပြီလား။ အဘွားထွန်းရှိတုန်းကမှ နှင်းသူ နည်းနည်း အပျင်းပြေဦးမယ်။ အနည်းဆုံး အဘွားကြီး ရှူးတာကို ထိုင်ပြီး ရယ်နိုင်တယ်လေ။

ဟိုဘက်ခြံက မိန်းမကိုမုန်းလို့ ဆိုပြီး အဝတ်ရုပ်လုပ်ပြီး အပ်တွေ အများကြီး စိုက်တာတို့၊ စပါးလင်ပင်ကြီးကို ကြက်သွေးတွေ လောင်းတာတို့။ အဲဒီဟာတွေ လုပ်နေတာ ရယ်စရာပဲ မဟုတ်လား။ နှင်းသူ အဝတ်ရုပ်တောင် သူက လုပ်ဦးမတဲ့။ တစ်ခါတလေ ခြိမ်းခြောက်တာလေ။

တိုက်တိုက်ဆိုင်ဆိုင်ပဲ ဟိုဘက်ခြံက မိန်းမကြီးက သူ့အဝတ်ရုပ်လုပ်ပြီး တစ်ပတ်အကြာ ဖျားတော့တာပဲ။ အဘွားထွန်းကြီးက သူ လုပ်တာတဲ့။ ဟိုဘက်ခြံက မိန်းမကြီးက ဖျားရုံပဲ ဖျားတာပဲ။ ခဏနဲ့ နေကောင်းသွားတာကိုများ၊ သေသွားတာကဖြင့် သူ၊ အမယ်လေး သူ သေသွားတာများ ကြောက်စရာ ကောင်းလိုက်တာ၊ ဘာကြောင့်များ ရှူးနေတဲ့ အဘွားကြီးနဲ့ အတူနေမိပါလိမ့်၊ ကံကောင်းလို့ နှင်းသူပါ လိုက်ပြီး မရှူးတာ။

အိမ်နီးချင်းတွေဆိုရင် အဘွားထွန်းကို မြင်တာနဲ့ အိမ်ထဲ ဝင်သွားကြတာပဲ။ အဘွားထွန်း ခေါ်ဝယ်တဲ့ ဈေးသည်တွေဆိုလည်း မရောင်းချင်ပေမဲ့ သူတို့ကို ဒုက္ခပေးမှာကြောက်လို့ ရောင်းကြရသည်။ အဘွားထွန်းက ပိုက်ဆံတော့ ပေါသည်ထင်တယ်။ အခုလည်း နှင်းသူ သူ့ပစ္စည်းတွေပဲ ရောင်းစားနေရတာ၊ အဘွားထွန်းရဲ့ပစ္စည်းတွေ သိမ်းတဲ့နေရာကို နှင်းသူ သိသည်။ သူ့ပစ္စည်းတွေကို သူခိုးဓားပြတွေ မထင်တဲ့နေရာမှာ ထားထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK


စတိုခန်းထဲက ထင်းရှူးသေတ္တာအစုတ်ကြီးထဲမှာ။ နှင်းသူကတော့ ဒါတွေ စိတ်မဝင်စားပါဘူး။ သူက–

'ငါ သေရင် ညည်းယူလိုက်'လို့ ပြောတော့လည်း နည်းနည်းလေးမှ ဝမ်းမသာ။ ခုတော့လည်း အသုံးဝင်တာပေါ့လေ။ ဝတ်စရာဝယ်ဖို့၊ စားစရာဝယ်ဖို့ပေါ့၊ တစ်ခါတစ်ရံ စိတ်ပျော်ဖို့ ဖြုန်းစရာပေါ့။ နှင်းသူ ဝယ်ထားတဲ့ပစ္စည်း တိုလီမုတ်စတွေ အများကြီးပဲ။ ခေါင်းလောင်းလေးတွေ၊ ပန်းအိုးလေးတွေ၊ ကလစ်လေးတွေ၊ ကစားစရာပစ္စည်းအဆန်းတွေ၊ အဲဒါတွေက ငယ်ငယ်တုန်းက လိုချင်ရက်နဲ့ မေမေ ဝယ်မပေးလို့ မရတဲ့ပစ္စည်းတွေလေ။ မေမေ ဝယ်ပေးနိုင်သည်ကို နှင်းသူ သိ၍ ပူဆာသော်လည်း ဘယ်တုန်းကမှ မရခဲ့။ စကိတ်တစ်စုံတော့ ရဖူးသည်။ တစ်သက်မှာ သုံးခါပဲ မြင်ဖူးလိုက်သည့် ဖေဖေ့အစ်ကိုဆိုသည့် လူကြီးက ပေးတာ။ အဲဒီ စကိတ်ကိုရတော့ ဘယ်လို စီးရမှန်း မသိ။ သူများတွေစီးတာကြည့်ပြီး စီးခဲ့ရသည်။ အကြိမ်ကြိမ်လဲပြို အကြိမ်ကြိမ်ပြန်ထပြီးမှ ကောင်းကောင်းစီးတတ်သွားသည်။

ငယ်ငယ်တုန်းကတော့ သူငယ်ချင်းတွေထားဖို့ ကြိုးစားကြည့်သေးသည်။ ပထမဆုံး သူငယ်ချင်းနာမည်က ဘာပါလိမ့်။ သြော်… မှတ်မိပြီ၊ 'ကျော့ကျော့ခိုင်' တဲ့။ ရွာက မူကြိုစနေတော့ စတွေ့သည့်ကောင်မလေး။ နှင်းသူကို အင်မတန်မှ နိုင်စားသည်။ မေမေ ထည့်ပေးလိုက်တဲ့ မုန့်တွေဆို သူကချည်း စားသည်။ ဆရာမစားပွဲပေါ်က ပန်းအိုးကို သူ တိုက်ချပြီး နှင်းသူကို လွှဲချသည်။ ဆရာမကို နှင်းသူက အမှန်အတိုင်းပြောသော်လည်း ဆရာမက မယုံခဲ့။ တခြားသူများကိုလည်း စပြီးမိတ်မဖွဲ့ရဲသော နှင်းသူသည် 'ကျော့ကျော့ခိုင်' ၏ နိုင်စားမှုကို အလူးအလဲ ခံခဲ့ရသည်။ ဒါပေမဲ့ နှင်းသူရဲ့အလှည့်ပြီးတော့ 'ကျော့ကျော့ခိုင်' အလှည့် ရောက်လာသည်။ အဲဒီနေ့က နှင်းသူတို့ မူကြိုတစ်ခုလုံး လေ့လာရေးထွက်ရသည့်နေ့။

စစ်သုံး ဒေါ့ဂျစ်ကားအမြင့်ကြီးတွေနဲ့ သွားရသည်။ ထိုကားကြီးပေါ် ကလေးတွေ ကိုယ့်ဘာသာကိုယ် မတက်နိုင်၍ ကားစပယ်ယာလူကြီးက ချီမြှောက်ပေးသည်ကို ခြေထောက်လှမ်းပြီး တက်ရသည်။

နှင်းသူ ကားပေါ်ရောက်ပြီး ထိုင်နေတုန်း ကျော့ကျော့ခိုင်ကို စပယ်ယာကြီးက ချီမြှောက်ပေးရသည့်အလှည့်မှာ ဘယ်က ဘယ်လို ဖြစ်သည် မသိ ကျော့ကျော့ခိုင် ခြေချော်ပြီး ကျသွားလေသည်။ ဒူးပြဲပြီး သွေးတွေ အများကြီးနဲ့ သူ့ကို နှင်းသူကြည့်ပြီး စိတ်ထဲမှာ 'ကောင်းတယ်၊ ငါ့ကိုလုပ်လို့ ဖြစ်တာ' ဆိုပြီး တွေးမိသည်။ ကလဲ့စားချေလိုက်ရသလို၊ ကိုယ်တိုင် တွန်းချခဲ့သလို ခံစားရသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ပြီးတော့ အဲဒီကတည်းက ကျော့်ကျော့ခိုင်ကိုရော၊ ဘယ်သူ့ကိုရောမှ သူငယ်ချင်း လုပ်ဖို့ မကြိုးစားခဲ့တော့ပေ။ လူတွေရဲ့စိတ်ကို နားလည်ဖို့ မကြိုးစားခဲ့တော့။ ဆရာမက ငါ့ကို ဘာလို့ မယုံတာလဲ ဆိုပြီးလည်း ခံစားမနေချင်တော့။

နောက်ထပ်အငြင်းပယ်ခံဖြစ်မှာ ကြောက်သောစိတ်ကြောင့်လည်း တစ်ယောက်တည်း နေတတ်သူ ဖြစ်ခဲ့သည်။ သူများက ပြုံးပြရင်လည်း ကြောင်တောင် ပြန်ငေးတတ်သော အကျင့်ကြောင့် ဘယ်သူကမှလည်း ခင်ဖို့ မကြိုးစားကြ။ အိမ်ပြန်ရောက်ရင် နှင်းသူ မကြားချင်သည့် လူတွေ မကောင်းကြောင်း မေမေ့ဆီက ကြားရမည်။ မီးလင်းဖိုရှေ့က လှုပ်ကုလားထိုင်မှာ ထိုင်ပြီး သိုးမွေးထိုးနေသော မေမေ့ကို လိုက်ကာအကွယ်က ချောင်းကြည့်ကာ ချွဲနွဲ့ချင်စိတ်ဖြင့် မျက်ရည်ကျရပြန်လေသည်။ မေမေ မေမေ၊ ပါးစပ်က မေမေ မကြားအောင် ခေါ်ပြီး မေမေ့ပါးကို နမ်းချင်စိတ်ကို မြိုချရသည်မှာ ပင်ပန်းဆင်းရဲလှသည်ကို ကလေး ဘဝကတည်းက စိတ်ထဲစွဲနေအောင် ရင်နင့်ခဲ့ရသည်။ နှင်းသူ စနေနေ့မှာ မမွေးခဲ့ချင်ဘူး မေမေ။ ဖေဖေ သေရတာ နှင်းသူကြောင့် မဟုတ်ဘူး။

ဖေဖေ့အမျိုးတွေကလည်း မေမေ့လိုပဲ ဖေဖေသေရတာ နှင်းသူကြောင့်တဲ့။ ဒါ့အပြင် မေမေနဲ့ လက်ထပ်ခဲ့လို့တဲ့။ မိဘမဲ့ကျောင်းကလာတဲ့ မေမေ့ကို ဖေဖေလက်ထပ်ယူသောနေ့က နှင်းသူရဲ့ဘွားဘွားက မေမေ့ပါးကို ရိုက်ခဲ့သည်လို့ မေမေ ပြောပြသည်။ ဖေဖေကရော မေမေ့ကို ကာကွယ်ပေးဖို့ မေ့လျော့ခဲ့သည်လား။ ဖေဖေ့ကို မကျေနပ်သောစိတ်များသည် နှင်းသူဆီမှာ ပေါက်ကွဲဖို့ ဖြစ်လာသလား။ မိဘမဲ့ကျောင်းမှာ ကြီးပြင်းခဲ့ရသော မေမေသည် ဖေဖေ့ကို ချစ်သူတစ်ယောက်ထက်ပိုပြီး မိဘနေရာ အစားထိုးခဲ့သလား။ စိတ်မလုံခြုံမှုဒဏ်ကို မေမေ တစ်သက်လုံး ခံစားသွားရသည်ကို နှင်းသူ ဘယ်တော့မှ သိမှာ မဟုတ်။ မေမေ့ကို ချစ်သော်လည်း အချိန်ပေးဖို့ သတိမရသော ဖေဖေရဲ့မေ့လျော့ထားမှုဒဏ်ကို အလူးအလဲ ရင်ဆိုင်ခဲ့ရမည်ကို နှင်းသူ ကိုယ်ချင်းစာတတ်မှာ မဟုတ်။ အဲဒီတုန်းက နှင်းသူ လူ့လောက ထဲကို မရောက်ခဲ့သေးဘူးလေ။ နှင်းသူကို ဘာလို့ မွေးခဲ့ရတာလဲ မေမေရယ်။


❐

mgyoe.com

mgyoe.com SAMPLE BOOK

# ဂီပီ ရှင်းကိုတွေ့ပြီ

ဘယ်ရှင်းက ပဲတော့ဂ ဖြင်ဘာ
လိုက်တာကမေမမေ ---၊ ဂုဏ်တယ် ဆေမော့ါ
ချစ်စရာကောင်းကို သစ်ရှင်းရဲ့ ပြုံးတတ် နေ့တက်



mgyoe.com

mgyoe.com SAMPLE BOOK

မျက်တောင်ပေါ်က စိုစွတ်အေးမြသော ခံစားမှုနဲ့အတူ နှင်းကျလာပြီဟု ဂျီဂျီ သိလိုက်သည်။ ဒါမှ ဆောင်းရာသီ။ မြို့လေး ဘယ်လောက်အေးအေး ဆောင်းရာသီကို ဂျီဂျီအကြိုက်ဆုံး။ 'နှင်းပန်းဖြူ'ဆိုတဲ့ မေမေပေးတဲ့နာမည်လေးကိုလည်း ကမ္ဘာပေါ်မှာရှိတဲ့ နာမည်တွေထက် အမြတ်နိုးဆုံး။ နွေရာသီမှာ မွေးခဲ့သော်လည်း ဂျီဂျီချစ်တာ နှင်းတွေကို။ နိုင်ငံခြားရုပ်ရှင်တွေထဲမှာလို နှင်းထုကြီးတွေ မတွေ့ရပေမဲ့ မျက်တောင်ပေါ်က၊ ပါးပြင်ပေါ်က၊ သွေးကြောတွေထဲက နှင်းရဲ့အေးစက်မှု၊ ဒါမှမဟုတ် အေးမြမှုကို ကူးယူလို့ရသည်။

နှင်းတွေရဲ့ အနံ့ကိုတောင်မှ ဂျီဂျီ သိသည်။ မေမေ ခွဲသွားသည့်နေ့က နှင်းတွေ။ မေမေ့ခေါင်းပေါ်က၊ ပါးပြင်ပေါ်က နှင်းတွေ။ ဂျီဂျီနဲ့မေမေ မနက်စောစော စံပယ်ပန်းတွေကို ခြံထဲက ဒန်းကလေးပေါ်မှာ ထိုင်ပြီး သီရင်း မေမေ ရင်ဘတ်ကိုဖိပြီး ဒန်းပေါ်ကနေ လဲပြို ကျသွားသည်။

ပြီးတော့ ဆေးရုံပေါ်က မေမေ။ ဂျီဂျီ မေမေ့ကို တစ်ချိန်လုံး ထိုင်ကြည့်နေခဲ့သည်။ ဆေးရုံပေါ်မှာ အိပ်စောင့်ခွင့် မရ၍ ဂျီဂျီ ပြန်သွားရသည်။ ထိုညမှာပင် ဂျီဂျီ့ကို နှင်းတွေနဲ့ မေမေ ခွဲထားရစ်ခဲ့သည်။ အားလုံး သေကြရမှာပဲ မေမေ။ မေမေ့ကို ဂျီဂျီ နားလည်ပါတယ်။

"ဟေး... ဂျီဂျီ၊ အေးက အေးနဲ့၊ ဘာဖြစ်လို့ ခြံထဲမှာ ရပ်စောင့်နေတာလဲ ငါ အိမ်ထဲမှာ လာခေါ်မှာပေါ့"

ဟော... ဇော်တောင် လာခေါ်ပြီ။ ဒီနေ့ ဂျီဂျီတို့ အင်္ဂလိပ်စာသင်တန်း စတက်ရမည့်နေ့။ နှစ်တိုင်း နွေကျောင်းပိတ်တိုင်း တက်နေကျ။ ခု ဆယ်တန်းအောင်စာရင်း မထွက်ခင်လည်း တက်ကြဦးမည်။ တော်ကြာ တက္ကသိုလ်တွေ ဖွင့်တော့မှာ။

mgyoe.com

mgyoe.com SAMPLE BOOK


''နှင့်ကို စောင့်ရတာ စိတ်မရှည်လို့ပါ ဇော်ရယ်''

နှင်းတွေကို နှုတ်ဆက်နေတာပါလို့ ပြောရင် ဇော်ရဲ့ သနားကရုဏာအကြည့်ကို ခံရဦးမှာ။

''ဒီနေ့မှ နှင်းက စပြီး ကျတာနော်၊ ဒါကြောင့် ပိုပြီး အေးလာတာ''

ဇော့်အပြောကို ခေါင်းသာညိတ်ပြပြီး ခြံတံခါးကိုဖွင့်ပြီး ပြန်စေ့လိုက်သည်။

''ဇော်၊ ငါ ဒီနေ့ နှင့်စက်ဘီးနဲ့ လိုက်မှာနော်၊ ငါ စက်ဘီး မနင်းချင်လို့''

ဇော်က ဘာဖြစ်ရပြန်တာလဲဆိုတဲ့ ပုံစံဖြင့် ကြည့်သည်။

''နင်ပဲ ပြိုင်ဘီး စက်ဘီးဘားတန်းကနေ စီးရင် နာလို့ဆို''

စကားကို များတယ်။ ဒီနေ့ ဝမ်းနည်းသလို ဖြစ်နေတဲ့ဟာကို။

''အေးကွာ ပြီးရော ဒါဆိုလည်း မစီးဘူး''

''ဟ ဘာဖြစ်ရပြန်တာလဲ၊ ငါက နင်ပြောဖူးတာကို ပြန်ပြောပြတဲ့ဟာကို လာ…တက်''

တော်ပြီ၊ ဒီအခြောက်စုတ်နဲ့ ပြိုင်ငြင်းရတာ မောတယ်။ စက်ဘီးစနင်းတော့ ဇော့် ထွက်သက်ကို ဂျီဂျီ့ဆံပင်တွေကတစ်ဆင့် ရသည်။ နင် ရင်ခုန်နေလား ဇော်။ ၁၆ နှစ်ဆိုရင် ရင်ခုန်တတ်ပြီ။ ဟား ဟား ဒါဆို ရယ်စရာကြီးပေါ့နော်။ ဇော့်မျက်နှာကိုကြည့်တော့ ဘယ်လိုမှ မနေပါ။ ငယ်ငယ်တုန်းကအတိုင်း မပြောင်းလဲ။ တော်ပါသေးရဲ့။ အေးလေ ဂျီဂျီ့လို ယောကျ်ားလေးမကျပုံစံကို ရင်ခုန်မယ် မထင်ဘူး။ သူငယ်ချင်းက သူငယ်ချင်းပေါ့။ အလင်းက တစ်ခါတလေ ဇော်နဲ့ဂျီဂျီ့ကို စတတ်သည်။ ဂျီဂျီက စိတ်တော့ မဆိုးပေမဲ့ အလင်း ဒါမျိုးတွေ ပြောတတ်နေသည်ကို မုန်းသည်။ ကြည့်ပါလား၊ ဇော်ကဖြင့် အေးအေး ဆေးဆေးပဲ။ အလင်း အရူးမ။

သင်တန်းမတက်ခင် လက်ဖက်ရည်ဆိုင်မှာ ချိန်းထားကြသည်။ ဂျီဂျီတို့ရောက်တော့ လူစုံရန် ငယ်ပူးတစ်ယောက်ပဲ လိုသည်။ အလှပြင်နေလို့ ကြာတာဖြစ်မည်ဟု အတင်းပြော ကြရင်း ရယ်ကြရသေးသည်။ ငယ်ပူးက ပုသလောက် အလှကြိုက်၊ လှအိုးကွဲလေ။ ပဲများ တာက သူ့အပြင် သူပဲ ရှိသည်။ မုန့်တွေရသည့်တိုင်အောင် ငယ်ပူးက ပေါ်မလာတာ။ လာချတဲ့မုန့်တွေကို အလုအယက် စားကြလေသည်။ အလင်းမက အစားတော်တော်ပုပ်သည်။ ပါးစပ်မှာ ပေနေလို့ တစ်ရှူးထုတ်ပေးရသေးသည်။ ဖိုးသားကတော့ ဝိတ်လျှော့သတဲ့လေ။ အရိုးပဒေသာက အရှုံးပေးရမည့် ပိုးဟပ်ဖြူကများ။

စားနေရင်း ငယ်ပူးရောက်လာသည်။ ကလစ်မျိုးစုံနဲ့ ရှုပ်ယှက်ခတ်နေသော ငယ်ပူး ခေါင်းပေါ်ကိုကြည့်လို့ ရယ်မိရင်း ငယ်ပူးနောက်က တစ်စုံတစ်ယောက်ဆီမှာ အကြည့်က

mgyoe.com

mgyoe.com
SAMPLE BOOK


ရပ်သွားသည်။ အရပ်အမြင့်ကြီးနဲ့ မိန်းမတစ်ယောက်။ ငယ်ပူးနောက်က လိုက်ဝင်လာသည်။ သူမ ဆံပင်တွေမှာ နှင်းတွေနဲ့ စိုရွဲကာ ကပ်နေသည်။ အဝေးကြီးက လမ်းလျှောက်လာခဲ့ပုံပဲ။ မျက်နှာက ထူးဆန်းလိုက်တာ။ မျက်လုံးတွေက ငြိမ်သက်အေးစက်လိုက်တာမှ အစိမ်းရောင်တောင် သန်းသလို။ အဲဒီမိန်းမက ဂျိဂျိတို့ဘေးစားပွဲမှာ ထိုင်သည်။ လမ်းမကို ကျောပေးထားသည်။ ဂျိဂျိက လမ်းမဘက်ကို မျက်နှာမူထားသဖြင့် ထိုမိန်းမကို ကြည့်ခွင့်ရလေသည်။

"ဟဲ့… အလင်း၊ ငါ့နောက်က လိုက်ဝင်လာတဲ့ မမက သိပ်လှတာပဲ၊ ဒါပေမဲ့ ဝတ်ထားတာ ရှုပ်ပွနေတာပဲ၊ ငါ ပြင်ပေးလိုက်ရင် ပိုပြီး မိုက်သွားမယ်"

ငယ်ပူးက အလင်းကို ပြောလိုက်သောကြောင့် ဘယ်သူ့ကို ပြောတာလဲလို့ ဝိုင်းမေးကြသည်။ ငယ်ပူးက ဂျိဂျိ ကြည့်နေသော မိန်းမကို မသိမသာ မေးဆတ်ပြသည်။ ထိုမိန်းမကို အားလုံးကလည်း လိုက်ကြည့်သည်။ ဖိုးသား မျက်နှာပျက်သွားသည်။

"ဘယ်သူ ထင်လို့လဲ ငယ်ပူး၊ အဲဒါ သက်နှင်းသူလေ"

"အမ်"

ငယ်ပူး ဇက်ပုသွားသည်။

"ဘယ်သူ"

ဂျိဂျိ မသိ။

"သက်နှင်းသူလေ"

"ဟာ… ငါမှ မသိတာ"

"အေးလေကွာ၊ ငါတို့လည်း မသိဘူး"

"သက်နှင်းသူဆိုတာ အဘွားထွန်းအိမ်မှာ နေနေတဲ့ တစ်ယောက်လေကွာ"

သက်နှင်းသူအကြောင်းကို ဂျိဂျိ သိပ်မသိပါ။ မြင်လည်း မမြင်ဖူးခဲ့ပါ။ တစ်မြို့လုံးက ပယ်ထားတဲ့အိမ်ကြီးက အဘွားထွန်းကြီးဆီ ရုတ်တရက်ရောက်လာတဲ့ မိန်းကလေးမို့ တစ်မြို့လုံးက စိတ်ဝင်စားနေဆဲ အဘွားကြီးက ကြောက်မက်ဖွယ် သေဆုံးသွားပြန်တော့ သူမ ပယောဂမကင်းဟုတောင် ပြောကြသေးသည်။ သက်နှင်းသူကိုလည်း ကြောက်ရမည့်စာရင်းထဲ ထည့်ထားပြန်သေးသည်။ သူမပုံစံကလည်း ထူးခြားလွန်းနေ၏။

"ဩော်… သူလား"

အားလုံး သိပြီ။ ဂျိဂျိက သူ့ကို နာမည်သာ မသိ။ အဘွားထွန်းအိမ်အကြောင်းက ကြားဖူးပြီးသား။ အဘွားထွန်း၏ ကြောက်မက်ဖွယ်ရာ အဖြစ်က တစ်မြို့လုံး ဟိုးဟိုးကျော်သွားတာပဲဟာ။

mgyoe.com

mgyoe.com
SAMPLE BOOK


သူတို့အားလုံး သက်နှင်းသူဆိုသော မိန်းမကို မကြည့်ရဲကြတော့။ ဂျီဂျီတစ်ယောက်သာ။

"ဟဲ့… ဂျီဂျီ၊ ဘာတွေ သွားကြည့်နေတာလဲ၊ သေတော့မှာပဲဟာ"

ငယ်ပူးခေါ်သံကိုလည်း ဂျီဂျီ မကြား။ ဆံပင်ခွေခွေကောက်ကောက်တွေ ဘယ်မှာ တွေ့ဖူးသလဲ စဉ်းစားသည်။ အို… ဂျီဂျီ ငယ်ငယ်တုန်းက မက်လေ့ရှိသော သားအမိနှစ်ယောက် အိပ်မက်ထဲကလား။ ဟုတ်ချင်လည်း ဟုတ်မယ်။

ဂျီဂျီ စိုက်ငေးနေမိတုန်း ထိုမိန်းမက ဂျီဂျီ့ဆီ အကြည့် ဖျတ်ခနဲ ရွှေ့လာသည်။ ဂျီဂျီ လန့်ပြီး ငယ်ပူးလက်ကို ဆုပ်ကိုင်ထားလိုက်မိသည်။ ငယ်ပူးက သတိမထားပါ။ သူတို့ဘာသာ စကားတွေ ဆက်များနေသည်။ ဂျီဂျီမေ့ပြီး အကြည့်ကို မလွှဲမိပေ။ ပြီးတော့ ကြောက်လည်း မကြောက်။ ထိုစဉ်… ထိုစဉ်… ထိုမိန်းမက ဂျီဂျီကို ရုတ်တရက် ပြုံးပြလေသည်။ ပြီးတော့ ချက်ချင်းပဲ အကြည့်ကို နံရံဆီကို စိုက်ငေးပြီး ပို့လိုက်သည်။ အဲဒီ အပြုံးမှာ ဂျီဂျီ ခဏတော့ ကြောင်သွားသည်။ ချက်ချင်းပဲ သတိရ မြင်ယောင်လိုက်တာက မေမေ။ ဟုတ်တယ်၊ မေမေပြုံးတာနဲ့ သိပ်တူတာပဲ။ သက်နှင်းသူက ကြောက်စရာ မကောင်းဘူး။ မေမေ့ရဲ့ ချစ်စရာအပြုံးကို ပြုံးတတ်နေတာပဲ။

သူမ ထွက်သွားသည်ကို ငြိမ်ပြီး ဂျီဂျီ လိုက်ကြည့်မိသည်။ ဒီလိုပဲ ကျန်ခဲ့ရမှာလား။ မေမေနဲ့တူသော အပြုံးလေးကို ထပ်ပြီးရဖို့ အခွင့်အရေး၊ ဟုတ်ပြီ။

"ဟာ… ဟဲ့ ဂျီဂျီ၊ ဘယ်သွားမလို့လဲ၊ ဘာလို့ ငါ့စက်ဘီးကို ယူသွားတာလဲ"

အလင်းအော်ဟစ်ပြီး ကျန်ရစ်သည်။ စက်ဘီးကို တအားဖိပြီးနင်းသည်။ လေဟုန်ထဲမှာ လှစ်ခနဲ လှစ်ခနဲ နေအောင် နင်းသည်။ သူငယ်ချင်းတွေ တစ်ယောက်မှ လိုက်မလာ။ ဂျီဂျီ ဘရုတ်ကျသွားပြီလို့ပဲ ထင်ကြလိမ့်မည်။ ဆောရီးပဲ အလင်းရေ၊ နင့်စက်ဘီးကို ငါ ရုတ်တရက် ယူသွားရတာ။

လမ်းဆုံထိပ်ရောက်တော့ ဘယ်ဘက်ရော၊ ညာဘက်ရောမှာ သူမကို မတွေ့ရတော့၊ မြန်လိုက်တာ။ ဂျီဂျီ ဆုံးဖြတ်ပြီး ညာဘက်ကို နင်းချလိုက်သည်။ ဘာကြောင့် ဒီလို လုပ်မိလဲ နောက်မှ စဉ်းစားမယ်။ အရေးကြီးတာ 'မမ' ကို ရှာတွေ့ဖို့။ သူမလောက် သနားဖို့ကောင်းတဲ့ မျက်နှာလေးကို မတွေ့ဖူးပါ။ ဒါမှ မဟုတ် ဂျီဂျီပဲ ရူးနှမ်းပြီး သနားမိနေတာလား။ လမ်းက ဆုံးတော့မယ်၊ ရှာလို့လည်း မတွေ့ဘူး။ ဘယ်ပျောက်သွားပါလိမ့်။ နောက်တစ်ခေါက်တွေ့ရင် ဒီလို မဖြစ်စေရဘူးကွာ။ ကိုယ့်စိတ်ကိုယ် ကတိပေးသည်။ လက်ဖက်ရည်ဆိုင်ထဲ ပြန်လာတော့ စိတ်ပူနေသည့် ဇော်ကိုသာ တွေ့ရတော့သည်။

mgyoe.com

"နင် ဘယ်ထွက်သွားတာလဲ၊ ငါတို့က နင်နောက်နေတယ်ပဲထင်တာ၊ သင်တန်းချိန် ရောက်လို့ အားလုံး သွားပြီ၊ ပြောစမ်းပါဦး၊ နင် ဘယ်သွားတာလဲ"

ဇော်ကိုဖွင့်ပြောလိုက်ရင် ကောင်းမလား။ ဒီကောင်က အုပ်စုထဲမှာ နှုတ်အလုံဆုံး။

"ငါ… ငါ သက်နှင်းသူနောက် လိုက်သွားတာဟ"

"ဘာ"

ဇော် အကျယ်ကြီး ထအော်သည်။

"တိုးတိုးပြောပါဟ၊ ငါ နားမလေးဘူး"

"နင် ရူးနေလား မိဂျီ ဟင်၊ အဓိပ္ပာယ်မရှိတာဟာ၊ ဘာလဲ နင်က စုံထောက်ရူး ရူးနေတာလား"

ဇော် စိတ်တိုသွားသည်၊ မပြောဘဲနေရင် ကောင်းသား။

"ငါ မရူးပါဘူး ဇော်ရယ်၊ သက်နှင်းသူက ငါ့စိတ်ထဲမှာ မေမေနဲ့ တူတယ် ထင်လို့ပါ"

ဇော် ငြိမ်သွားသည်။ ဇော်က ဂျီဂျီ့ကို သိပ်ပြီးသနားတာ ဂျီဂျီသိသည်။ မေမေ့ကို သင်္ဂြိုဟ်သည့်နေ့တုန်းက မျက်ရည်တစ်စက်မှ မကျဘဲ ဇော့်လက်ထဲမှာ ဂျီဂျီ သတိလစ်သွား ခဲ့တာ။ ဇော့်ခမျာ ၁၂ နှစ်ကလေးသာသာဆိုတော့ ဂျီဂျီ့ကို မနိုင်မနင်း ဖေးမထားရင်း သူက မျက်ရည် မဆည်နိုင်။ ကျန်တဲ့ သူငယ်ချင်းတွေလည်း ဂျီဂျီ့ကို သနားညှာတာကြပါ သည်။ အဲဒီ အထဲမှာမှ ဇော်က အပိုဆုံး။ အဲဒီ အချက်ကို ဂျီဂျီ ကောင်းကောင်းသိသည်။ ဇော် အလိုလိုက်မယ် ဆိုတာလည်း ခန့်မှန်းပြီးသား။

"ဇော်၊ ဒီအကြောင်းတွေကို တခြားကောင်တွေကို မပြောနဲ့ဦးနော်၊ နောက် အေးအေးဆေးဆေးမှ ငါပြောမယ်"

"အေးပါ ဂျီဂျီရယ်… ငါကတော့ နင့်ကို နားလည်သလိုလို ရှိပေမယ့် အဲဒီ သက်နှင်းသူနဲ့တော့ မပတ်သက်စေချင်ဘူး၊ သူ့ကို ကြည့်ရတာ တစ်မျိုးပဲဟ"

ဦးနှောက်မမှန်ဘူးလို့ ဇော်က ပြောတာလေ။ အဲလို ဖြစ်နေတော့ရော ဘာဖြစ်လဲ၊ ဂျီဂျီက မကြောက်ပါဘူး။ ဘာလို့ သက်နှင်းသူကို ထပ်တွေ့ချင်နေတာလဲဆိုတာ ကိုယ့်ဘာသာ ကိုယ် သိနေတာပဲ။ ဂျီဂျီက နှုတ်ခမ်းတွေကို စေ့နေအောင် ပိတ်ထားတော့ ပြောလို့ရတော့မှာ မဟုတ်မှန်း ဇော် သိလိုက်ပြီ။

"ငါ့ကိုတော့ သက်နှင်းသူအိမ် လိုက်မပို့ခိုင်းနဲ့နော်"

ဂျီဂျီ့စိတ်ကို ကြိုခန့်မှန်းပြီး ပြောလိုက်တာ။

mgyoe.com

mgyoe.com
SAMPLE BOOK


''ကြားလား ဂျီဂျီ၊ ငါကြောက်တယ်နော်၊ အဘွားထွန်းကြီး သရဲခြောက်တယ်လို့ ငါကြားဖူးတယ်''

ဇော့်ကို ဂျီဂျီ နည်းနည်းစိတ်တိုသွားသည်။ အလကား ငကြောက်။

''စိတ်ချ၊ ငါ့ဘာသာငါ စုံစမ်းပြီး သွားမယ်''

ဇော်က ပခုံးတွန့်ပြသည်။ ဂျီဂျီ အဲဒီလောက် သတ္တိကောင်းမယ်လို့ မယုံပါဘူး။ ဇော် ဘာမှ ပြန်မပြောတော့၊ စိတ်ကတော့ ပူသား။ ဂျီဂျီပေါက်ကြောင်မ။ သူ့အမေ မရှိတော့တာ သနားလို့ အလိုလိုက်ထားတာ။ ဇော်ကလည်း အမေကို အလွန်တွယ်ကပ်သူမို့ ဂျီဂျီ့ကို သိပ်သနားတာ။

''ငါ ပြန်တော့မယ် ဇော်၊ အလင်းကို စက်ဘီး အိမ်လာယူလို့ ပြောလိုက်ပါနော်''

''အေး… ပြောလိုက်မယ်၊ ညနေ ဆုံမယ်''

ဂျီဂျီ ခေါင်းညိတ်ပြပြီး စက်ဘီးကို နင်းထွက်လိုက်သည်။ စိတ်ထဲမှာ သေချာသွားပြီ။ သက်နှင်းသူ့အနားကို မရ ရအောင် သွားမယ်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

ထင်းရှူးပင်တစ်ပင်နောက်မှာ ကပ်နေရင်း နောက်ကလိုက်လာသော ကောင်မလေးကို စောင့်ကြည့်နေမိသည်။ ဟုတ်တယ်၊ ဒီကောင်မလေး ငါ့နောက်လိုက်လာတာ သေချာတယ်။ ငါ ဘာလို့ သတိလက်လွှတ် ပြုံးပြမိတာလဲ။ အပြစ်ကင်းတဲ့ မျက်လုံးရီရီလေးကြောင့်လား။ နှင်းသူကို အကြာကြီး ငေးမောကြည့်နေသော ကောင်မလေး။ နှင်းသူကိုယ်နှင်းသူ ပြန်မြင်လိုက်သလို ခံစားလိုက်ရသည်။ မေမေ့ကိုကြည့်တဲ့ နှင်းသူမျက်လုံးတွေနဲ့များ တူနေသလား။ အသနားခံသည့် အကြည့်တွေလား။ ကောင်မလေးကိုကြည့်ပြီး မပြုံးဘဲ မနေနိုင်လို့ လွှတ်ခနဲ ပြုံးလိုက်မိတာ။ မှားသွားပြီလား။ ဘာလို့ နောက်ကလိုက်လာတာလဲ။ လူတွေကို နှင်းသူ မယုံဘူး။ အန္တရာယ်တစ်ခုခုပေးဖို့တော့ မဖြစ်နိုင်ပါဘူးလေ။ မျက်လုံးလေးက အပြစ်ကင်းစင်လွန်းနေတာ တွေ့သားပဲ။ စိတ်ထဲက ခံစားလို့ရသားပဲ။

ဒါပေမဲ့ အဲလိုမျိုး တကောက်ကောက် လိုက်နေမှာကို မုန်းတယ်။ ဘယ်သူနဲ့မှလည်း စကားမပြောချင်ဘူး။ ရှုပ်တယ်။ နှင်းသူကို မတွေ့ဘဲ ညာဘက်ကို စက်ဘီးချိုးကွေ့သွားတာ မြင်တော့ စိတ်ထဲမှာ တစ်မျိုးပဲ။ တစ်ခုခုကို လက်လွှတ်လိုက်ရသလိုပဲ။

အို… တွေးမနေပါဘူး။ ခုမှ တွေ့ရတဲ့သူတစ်ယောက်အကြောင်းများ။ ဒါဆိုရင် ဘာအကြောင်း တွေးရမလဲ။ ဘာမှ မတွေးဘူး။ ရူးသွားမှာ ကြောက်တယ်။ ကောင်းကင်ပေါ်ကိုကြည့် တိမ်တွေနဲ့ စိတ်ကူးယဉ် အရုပ်လုပ်မယ်။ ဟိုးဘက်က ရွေ့လာတာ ဆင်နဲ့တူတယ်၊ ဟော… အဲဒါက ယုန်ကလေး၊ အာရုံကို ရုတ်တရက် လွှဲပစ်လို့ မရပါဘူး။ ကလေးဘဝတုန်းကလို တိမ်တွေကို အရုပ်ဖော်ကြည့်တာလည်း မအောင်မြင်ဘူး။ နှင်းတွေထဲမှာ ခေါင်းငိုက်စိုက်ချကာ လမ်းလျှောက်လာသည်။ ခြေရာတွေကို ရေတွက်ရင်းနဲ့ ခြေရာ

mgyoe.com

mgyoe.com SAMPLE BOOK


တစ်၊ နှစ်၊ သုံး။ သုံးပြီးတော့ ဘာပါလိမ့်။ ဒါလေးတောင် မေ့နေပြီ။ တစ်ခါတလေ ဒီလိုပဲ၊ မေ့ထားတာတွေ များလွန်းတော့ ရုတ်တရက် သတိမရတာ၊ ဘာကိုမှ မရေတွက်ခဲ့တာ သိပ်ကြာနေပြီလေ။

မြို့ထဲက အသံတွေနဲ့ ဝေးသထက် ဝေးလာသည်။ စိတ်ဒဏ်ရာတွေနဲ့ ဝေးသထက် ဝေးရင် ပိုကောင်းလိမ့်မည်။ ကိုယ့်စိတ်တွေဆီကတော့ ဘယ်တော့မှ ထွက်ပြေးလို့ရမှာ မဟုတ်။ မေမေ့ဝမ်းဗိုက်ထဲက နှင်းသူ ပြန်ပြီး မွေးဖွားလာဦးမည်ဆိုပါက သူများတွေလို ဘဝမျိုးသာ ရချင်ပါသည်။ လုံခြုံနွေးထွေးသည့်ဘဝမျိုး ရချင်ပါသည်။ မျက်လုံးတွေပဲ ကန်းနေပါစေ။ နှင်းသူ ပျော်ပါမည်။ ဒီဘဝထက်တော့ ဆိုးမည် မထင်။ ပြေးစရာမြေတွေ ဘယ်လောက်ပဲ ကျယ်ပြန့်ပါစေ ကိုယ့်စိတ်ထဲမှာကိုယ် ထောင်ကျနေမှတော့ ဘယ်တော့မှ ပြေးလို့လွတ်မှာမဟုတ်။ မေမေ့အိမ်မှာ ဘုရားစင်မရှိ၊ ဘာသာတရားနဲ့ ပတ်သက်တာ ဘာဆို ဘာမှ မရှိ။ ဘုရား၊ တရားဆိုတာ ဘာလဲလို့ သေချာပြောပြမယ့်သူ မရှိခဲ့ပါ။ နှင်းသူ့ရင်ထဲ လည်း ဘာမှ မရောက်။

မေမေက မိဘမဲ့ကျောင်းက ကိုးကွယ်ခိုင်းသော ဘာသာကို ကျောင်းတုန်းက ကိုးကွယ်ခဲ့သည်။ ပြီးတော့ ဖေဖေ့အလိုကျ ပြောင်းခဲ့ပြန်သည်။ ဖေဖေမရှိတော့တဲ့နောက်ပိုင်း မေမေ ဘာကို ကိုးကွယ်ခဲ့သလဲ နှင်းသူ မသိပါ။ အမေ့နားလည်း ကပ်ခွင့် မရသည်မို့ အမေကိုသာ တမ်းတရင်း ကြီးပြင်းခဲ့ရလေသည်။ လူအဖြစ် အသက်ရှင်နေသရွေ့ ယုံကြည်စရာ တစ်ခုခု လိုအပ်သည်ဟု နှင်းသူ မသိတတ်ခဲ့ပါ။

အသက်ရှူနေလို့သာ အသက်ရှင်နေတာ။ စိတ်ဝိညာဉ်ကတော့ အရင်သေဆုံးနှင့် လေပြီ မဟုတ်လား။ ထမ်းဆောင်စရာ လူ့ဘဝတာဝန်များလည်း မရှိ။ ပိုက်ဆံအတွက် ဟူ၍လည်း ရှန်းကန်စရာ မလို။ ကိုယ့်ကို လိုအပ်သူ ဟူ၍လည်း မရှိ။

အချိန်ဆိုသည့် သတ်မှတ်ချက်လည်း ကင်းလွတ်။ တစ်နေ့နေလို့ စကားပြောစရာ လူတစ်ယောက်မတွေ့။ ကိုယ့်အသက်ကိုယ် အဆုံးသတ်ပစ်ဖို့ရန်လည်း မဝံ့ရဲပြန်။ အသက် ရှင်နေသေး၍လည်း ဝမ်းမြောက်စရာ မရှိ။ ဒီလိုလူမျိုးအတွက် ဘဝရဲ့အဓိပ္ပာယ်ဆိုတာ ဘယ်မှာလဲ။

ကိုယ်ချစ်တဲ့ လူတစ်ယောက်အတွက် အသက်စွန့်ပစ်လိုက်ရတာမှ အဓိပ္ပာယ်ရှိ ဦးမယ်။ ပြီးတော့ ဘယ်လောက်များ လှပလိုက်မလဲ။ ပန်းပွင့်လေးတွေ ကိုယ့်အုတ်ဂူပေါ် ကြဲချကြလို့၊ ကိုယ့်အတွက် မျက်ရည်တွေကျကြလို့။ ငှက်ကလေးတစ်ကောင်ကောင်ကတော့ ကိုယ့်အုတ်ဂူလေးပေါ်မှာ လွမ်းတေးဆိုချင်ဆိုဦးမည်။ အဲလိုအခွင့်အရေးမျိုးလေးတောင်ရဖို့

mgyoe.com

 mgyoe.com SAMPLE BOOK 

အခွင့်အရေး မရှိရှာတဲ့ သက်နှင်းသူပါလား။ ခုနေ သေသွားရင်တောင် ပိုင်ရှင်မရှိစာရင်းထဲ ပါသွားရဦးမယ်။ ဟား ဟား… သေရမှာ နည်းနည်းမှ မကြောက်ဟု ကိုယ့်ကိုယ်ကိုယ် ထင်ပြန်သည်။

ကိုယ့်အသက်ကိုတော့ ပြန်ပြီးသတ်ဖို့သာ မရဲတာ။ ပတ်ဝန်းကျင်ရဲ့ ပစ်ပယ်ထားမှု ဒဏ်ကို လူတစ်ယောက် ဘယ်လောက်ကြာအောင် ရင်ဆိုင်နိုင်သလဲ။ အရှုးကိုကြည့်သော မျက်လုံးမျိုးနှင့် ဘယ်လောက်ကြာကြာ အကြည့်ခံနိုင်သလဲ။ ဘယ်လောက်ကြာတဲ့အထိ နှင်းသူ ဒီလိုဆက်ပြီး ရှင်သန်နိုင်မှာလဲ။ တွယ်စရာကောက်ရိုးမျှင်ကလေးတောင် ရှာမတွေ့ ခဲ့ပါ။

□

mgyoe.com

mgyoe.com SAMPLE BOOK

သက်နှင်းသူကို ဂျီဂျီ လိုက်၍ရှာခဲ့သည်မှာ သုံးရက်မြောက်ပြီ။ ဒီလောက်ကျဉ်းတဲ့ မြို့ကလေးမှာတောင် လူတစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံဖို့ရာ ခက်ခဲနေသည်။ သွေးသား မတော်စပ်သော လူတစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံခြင်းသည် မမြင်ရသော အချိုး အကွေ့မှာ မတော်တဆ တိုက်မိသလိုပါပဲ။ ဒါကို နားလည်လက်ခံဖို့ ဂျီဂျီ့အတွက် ငယ်လွန်း နေသေးသည်။ မေမေ အထင်ကြီးခဲ့သလောက် ဂျီဂျီ မရင့်ကျက်နိုင်ပါ။ ၁၆ နှစ်အရွယ်၏ ရင့်ကျက်မှုသည် အတွေ့အကြုံအရ ရွယ်တူတွေထက်သာနိုင်သော်လည်း နှလုံးသားမှ လက်ခံ နိုင်စွမ်းကတော့ အသက်အရွယ်နှင့် ဆိုင်မည်။ ဂျီဂျီ့စိတ်ထဲတွင် မေမေနဲ့ပတ်သက်သော သေခြင်းတရားကို လက်ခံနိုင်သေးသည် မဟုတ်။ လက်ခံနိုင်ချင်ယောင်သာ ဆောင်နေခြင်း၊ သို့မဟုတ် ကိုယ့်ကိုယ်ကိုယ် မသိဘဲ ညာနေခြင်း။

ဒါကြောင့် သက်နှင်းသူကို အရူးအမူး လိုက်ရှာသည်။ ဂျီဂျီ လိုအပ်နေသည်က မေမေ့အပြုံးလေးကိုထပ်ပြီး တွေ့ဖို့သာ။ ဂျီဂျီနဲ့သက်နှင်းသူကြားမှာ တစ်ခုခုနှင့် နှောင်တွယ် ထားသလို။ ဂျီဂျီ စိတ်ထဲမှာ သိနေသည်။ သက်နှင်းသူနှင့် ပြန်တွေ့ရမည်ဆိုတာ၊ အို… တွေ့ရရုံမကပါဘူးလေ။ မမနဲ့ စကားတွေအများကြီး ပြောရဦးမယ်။ မမကို နှစ်သိမ့်ကြင်နာ ခွင့်ရဦးမယ်။ မေမေက ကြင်နာသလို ဂျီဂျီက မမကို ပြန်ပြီး ကြင်နာမည်။ ဂျီဂျီ့မောင်လေး နစ်ကီကိုဆို ချီခွင့် မရ။

mgyoe.com

အန်တီစူးက နစ်ကီကို ဂျီဂျီနှင့် ထားရမှာ ဘယ်တုန်းကမှ စိတ်မချခဲ့ပါ။ အန်တီစူး ဘက်က ကြည့်တော့လည်း သားကို လွန်လွန်ကဲကဲ ချစ်တတ်သူလေ။ အန်တီစူးရဲ့ မေမေပင် နစ်ကီကို အကြာကြီးထိန်းခွင့်ရသည် မဟုတ်။ ဂျီဂျီဆိုရင်တော့ ပြောမနေနဲ့တော့။ ရွယ်တူ သူငယ်ချင်းတွေကတော့ သူငယ်ချင်းအချစ်ထက် ပိုပြီး ဘာကိုမှ ဂျီဂျီ့ဆီက မလိုအပ်။ သူတို့က အဖေ၊ အမေ စုံလင်စွာဖြင့် စိတ်လုံခြုံစွာ ကြီးပြင်းလာသူတွေ။ တစ်နေ့ကျရင် မေမေက သမီးကို ခွဲသွားရမှာလို့ ခဏ ခဏ သင်ကြားခြင်း မခံရသူတွေ။ ဂျီဂျီကျတော့ တစ်ရေးနိုးရင်တောင် မေမေ အသက်ရှိသေးရဲ့လား စိုးရိမ်ပူပန်မှုနှင့် ကြီးပြင်းလာခဲ့သူ။ ဂျီဂျီ ကတော့ မေမေနဲ့ တူချင်သည်။ မေမေက ဂျီဂျီ့ကို ကြင်နာသလို ဂျီဂျီကလည်း တစ်ယောက် ယောက်ကို မျှဝေပေးချင်သည်။ ဒါမှ ဂျီဂျီနဲ့မေမေ အမြဲတမ်း တူတူရှိနေမှာ။

ဂျီဂျီ လေ့ကားပေါ်မှ ပြုတ်ကျတုန်းက ကယ်ဆယ်ခဲ့သော လက်တစ်ဖက်သည် ဂျီဂျီ့အားတွင် ယခုတိုင် ပျံ့နှံ့နေသေးသော မေမေ့အကြင်နာများပင် ဖြစ်သည်။ ဂျီဂျီ အသက် ရှင်ချင်သေးသည်။ ဘဝရဲ့ပျော်ရွှင်ခြင်းကို အပစ်ပယ်ခံ မမသက်နှင်းသူဆီ ယူသွားချင်ပါ သေးသည်။ မမသက်နှင်းသူမှာရော မေမေရှိသေးသလား သိချင်သေးသည်။ သက်နှင်းသူဆီ အရောက်သွားရေးသည် အန္တရာယ်ရှိချင်လည်းရှိမည်ဟု ဂျီဂျီနားလည်တတ်ပါသည်။ ဒါပေမဲ့ နောက်မဆုတ်ချင်။ မေမေ့လို အပြုံးကို ပြုံးတတ်သောကြောင့်လား။ ဟုတ်တယ်။ ဒါ့အပြင် ဂျီဂျီ သူ့ကို သနားတယ်။ သနားလွန်းသောကြောင့် ကြောက်ရမှာကိုတောင် သတိမရ။ သရဲ ခြောက်သည်ဆိုသော သူမ နေထိုင်သောအိမ်ကိုပင် တစ်နေ့မှာ တိတ်တိတ်လေးသွားကြည့် ဦးမည်။ ဒီ့အတွက် သတ္တိပိုရှိဖို့ လိုအပ်သည်။

သူများတွေ အတွက်တော့ ရယ်စရာ ဖြစ်ကောင်း ဖြစ်မည်။ ဂျီဂျီ သရဲကားတွေ ကြည့်ပြီး သရဲအကြောင်းစာအုပ်တွေ ဖတ်သည်။ ည ၁၂ နာရီကျော်အောင် မှောင်ချပြီး ထိုင်သည်။ ဒါတွေက ကြိုတင် ပြင်ဆင်တာလေ။ ဘာကို တွေ့ရ တွေ့ရ မကြောက်မိအောင် ကြိုးစားနေတာ။ လူတစ်ယောက်ရဲ့ဘဝကို ကယ်တင်ဖို့လေ။ ၁၆ နှစ်သမီးအတွက် ဒီစကားက ကြီးကျယ်နေလည်း မတတ်နိုင်ပါဘူး။ ကိုယ်ယုံကြည်ရာလုပ်ဖို့ လူတွေ အသက်ရှင်နေတာ။ လူတိုင်း လူတိုင်း ဘယ်အချိန်မဆို သေသွားနိုင်တယ်။ မေမေဆို သူ့အချိန်အတွက်သူ ပြင်ဆင် ထားခဲ့သည်။ ဂျီဂျီကတော့ သေခြင်းတရားကို မြန်မြန်ကြီး တွေ့ရမှာ ကြောက်တယ်။ ဂျီဂျီ တက္ကသိုလ်တက်ချင်သေးသည်။

လူ့ဘဝအကြောင်း ဒီ့ထက်သင်ယူချင်သေးသည်။ တက္ကသိုလ်တက်ရင် စိတ်ပညာ ဘာသာကို ယူချင်သေးသည်။ လူတွေအများကြီးနှင့် တွေ့ချင်သည်။ စာအုပ်တွေထဲမှာပဲ

mgyoe.com

mgyoe.com
SAMPLE BOOK


တွေ့ကြုံဖူးသော အဖြစ်အပျက်များထဲ ဝင်ရောက်ပါဝင်ဖူးချင်ပါသည်။ ပြီးတော့ စာရေးဆရာမ ဖြစ်ချင်လိုက်သေးသည်။ ဂျိဂျိမှာ အနာဂတ်ရှိသေးသည်။ အဲလိုပဲ သက်နှင်းသူမှာလည်း အနာဂတ်ရှိတယ်ဆိုတာ မမနားလည်အောင် သင်ကြားပေးချင်သည်။ မမသက်နှင်းသူသည် ဝေဒနာတစ်ခုခုကို အပြင်းအထန် တိုက်ခိုက်နေရသူလား။

သက်နှင်းသူအကြောင်းကို ပြောစရာဆိုလို့ ဖော်တစ်ယောက်ပဲ ရှိသည်။ ကျန်တဲ့ သူငယ်ချင်းတွေ သိလို့ မဖြစ်။ ဖော်ကလည်း သဘောကျသည် မဟုတ်။ ဂျိဂျိကိုလည်း မယုံ။ ဂျိဂျိ စိတ်ကူးယဉ်ပြီး ပြောနေတာဟုသာထင်၍ ဂျိဂျိပြောသမျှကို မကြိုက်သည့်ကြားထဲက နားတော့ ထောင်ပေးသည်။ ကတိအတိုင်းလည်း မည်သူ့ကိုမှ ဖွင့်မပြောခဲ့။

မြို့ပြင်နားကအိမ်မှ အဘွားထွန်း၏ ကြောက်မက်ဖွယ် အဖြစ်အပျက်ကြောင့်သာ သက်နှင်းသူနေသောအိမ်ကို လူတွေကြားဖူးလာရခြင်း ဖြစ်သည်။ နောက်တော့ အဘွားထွန်း အိမ်မှာ ဆက်၍ နေထိုင်နေသော သက်နှင်းသူကိုလည်း ကြားဖူးလာရသည်။ သက်နှင်းသူ ဘယ်မှာ နေလဲလို့ ဈေးသည်တစ်ယောက်ကို မေးနိုင်သော်လည်း ဂျိဂျိ မမေးချင်သေး။

အဲဒီအိမ်ကို ခုနေ သွားဖို့ သတ္တိက မလုံလောက်သေးပါ။ တခြား နည်းများဖြင့် သက်နှင်းသူအနားရောက်အောင် ကြိုးစားကြည့်ဦးမည်။ သတ္တိရှိလို့ အိမ်အထိသွားရင်လည်း အငြင်းခံ၊ မောင်းထုတ်ခံရမည်ကိုလည်း ဂျိဂျိ သိနေသည်။ သူမ သွားတတ်သော နေရာများကိုသာ စုံစမ်းသည်။ သူမ အသွားအများဆုံးဖြစ်သော သစ်တောလမ်းက ဆိုင်ကလေးမှာ သွားစောင့်သည်။ တစ်နေကုန်တော့ ဘယ်စောင့်နိုင်မလဲ။ ဂျိဂျိ သင်တန်းတွေတက်ရသေးသည်။ အိမ်ပြန်ရန် သက်နှင်းသူကို စတွေ့သော လက်ဖက်ရည်ဆိုင်မှာ မနက်တိုင်း စွဲစွဲမြဲမြဲထိုင်ပေမယ့် ထပ်မတွေ့ရသေး။ တွေ့ရင်ကော သူမ ဘယ်လိုစပြီး စကားပြောရပါ့မလဲ။ ဂျိဂျိ မစဉ်းစားရသေးပါ။ မမသက်နှင်းသူဆီ ဘယ်လို အရောက်သွားရမလဲဆိုတာ ပထမဆုံး အရေးကြီးသည့် အချက် ဖြစ်သည်။

ရေစင်ကြီးပေါ်က လှုပ်ကုလားထိုင်ပေါ်မှာထိုင်ရင်း ဂျိဂျိ စဉ်းစားမိသည်။ မမ သက်နှင်းသူ ဒီနားကို ရောက်လာရင်ကောင်းမယ်လို့။ စက်ဘီးနင်းရတာ ခြေ[illegible]ကြက်တွေလည်း ညောင်းလှပြီ။ လက်လျှော့လိုက်တော့လို့ ဖော်က ပြောသော်လည်း ဂျိဂျိ နားမထောင်။ ရေစင်ကြီးပေါ်ကနေ ပန်းနှမ်းခင်းတွေကို လှမ်းငေးနေလိုက်သည်။ တောင်တန်းတွေကို နောက်ခံထားသော ပန်းခင်းဝါဝါတွေက အတော်ပင် ကြည့်ကောင်းသည်။ ကောင်းကင်ကလည်း ပြာနှမ်းလို့။ တစ်ခါမှ မရောက်ဖူးသော ပင်လယ်ရဲ့အရောင်။ မြင်နေကျ [illegible]င်း ပေမယ့် ဘယ်တော့မှ ရိုးမသွားပါ။ အရောင်တွေကို တစ်ကန့်စီ စနစ်တကျ ထည့်ထား[illegible]လိုပဲ။

mgyoe.com

 mgyoe.com SAMPLE BOOK 

တောင်တန်းတွေပေါ်မှာ အစိမ်းရောင်၊ ကောင်းကင်ကို အပြာရောင်ပေါ်မှာ အဖြူပြောက်တိမ်တွေနဲ့။ ပန်းပွင့်လေးတွေပေါ်မှာ အရောင်စုံတွေကို စုတ်တံနှင့်သော့ကကာ တို့ပြီး ဆွဲထားသလို။ ပန်းချီအကြောင်း ဂျိဂျိ မသိပါ။ စိတ်ထဲမှာတော့ အဲလိုပဲ ခံစားရသည်။

ငယ်ပူးကိုကြည့်တော့ ပန်းချီဆွဲနေသည်။ ဘာပုံဆွဲနေပြန်ပြီလဲ။ တူလည်းဘယ်တော့မှ မတူဘဲနဲ့များ။ ဖိုးသားက စွန်လွှတ်နေသည်။ စွန်နီနီလေးက ကောင်းကင်ပေါ်ကို ထိုးဖောက်လို့ တိမ်တွေကို မမှီတမီ လှမ်းနေသည်။ ကောင်းကင်အပြာနဲ့ တိမ်အဖြူ ပြီးတော့ စွန်နီနီလေး။ ကဗျာရွတ်ချင်လာသည်၊ ဘာကဗျာရွတ်ရမလဲ။ ငါးကလေးတစ်ကောင် ဖမ်းမိတယ် ကဗျာလောက်ပဲ ဂျိဂျိက အလွတ်ရတာ။ စာဖတ်တာ ကြိုက်သလောက် ကဗျာတွေကိုတော့ ဂျိဂျိတော်ရုံ မဖတ်။ ကဗျာတွေဖတ်ရမှာ ပျင်းစရာဟု ထင်သည်။ ခုတော့ ကဗျာတစ်ပုဒ်လောက်တော့ ကျက်မှပဲ။ မမသက်နှင်းသူ ငြိမ်သွားအောင် ကဗျာလှလှလေး ရွတ်ပြမည်လေ။

ဟော… တွေးတဲ့အတွေးထဲမှာ ဒီသက်နှင်းသူက ပါလာပြန်ပြီ။ သူက ရှူးနေရင် ဘယ်လို လုပ်မလဲ။ ဂျိဂျိကိုများ သတ်ပစ်လိုက်ရင်၊ အို… ငါသိပါတယ်၊ သူ မရှူးဘူးဆိုတာ။ သူ ပြုံးတဲ့အပြုံးက သူ မရှူးဘူးဆိုတာ ငါ သိတယ်။

"ဟဲ့… ဂျိမ၊ ငြိမ်လှချေလား"

အလင်းရဲ့အော်သံကြောင့် လန့်သွားသည်။ အာပြဲမ။

"ဘာလို့ ဒီလောက် အော်ရတာလဲ၊ သေတော့မှာပဲ"

"အေး… သေလိုက်ဟာ၊ အဲဒီလောက် ဘာတွေ စဉ်းစားနေလဲ၊ ငါက ဒီမှာမုန့်စားမလားလို့ မေးမလို့ဟာကို"

အလင်းမ သူ့ကိုဟောက်လိုက်၍ စိတ်ကောက်သွားပြီ။ ချော့ရဦးမယ်။ မမကို ခဏမေ့ထားရဦးမယ်နော်။

"ဟာ… မမသက်နှင်းသူ"

ဂျိဂျိ လိုက်ခနဲ ဖြစ်သွားသည်။ လက်ဖျား၊ ခြေဖျားတွေ အေးစက်သွားသည်။ ဘယ်ပြေးဦးမလဲ ဒေါ်သက်နှင်းသူ၊ ဂျိဂျိ တစ်ယောက်တည်း ရေစင်ကြီးပေါ်အရောက် ဂျိဂျိ ထိုင်နေကျ လှုပ်ကုလားထိုင်ပေါ်မှာ မမသက်နှင်းသူ ထိုင်နေသည်။ အပြာရောင် ချည်စကတ်ရှည်က ခုံအောက်မှာ ပုံရက်ကျလို့။ သိုးမွေးရှောစောင်ကိုလည်း ခြုံထားသေးသည်။ စောင်က အနီရဲရဲ၊ အပြာနဲ့အနီက မလိုက်ပါဘူး။ နောက်မှ ပြောရဦးမည်။

"ဂျိဂျိ"

ဟင်… ငါ့နာမည်တောင် သိနေပါလား။ ဟုတ်ပြီ၊ ဟိုလက်ဖက်ရည်ဆိုင်မှာ

mgyoe.com

mgyoe.com SAMPLE BOOK


မေးထားတာ ဖြစ်မှာပေါ့၊ ဒါက ကိစ္စမရှိပါဘူး။ သူမက ဂျီဂျီကို အနားတိုးလာခဲ့တဲ့။ ဂျီဂျီ စကားစပြီး ပြောဖို့ မေ့နေသည်။ ဆွံ့အနေသူလိုပဲ။

"လာ… ဂျီဂျီကို ပြစရာ ရှိတယ်"

မမသက်နှင်းသူက လှုပ်ကုလားထိုင်ပေါ်ကနေ ထပြီး ရေစင်ကြီးရဲ့လက်ရန်း ကွန်ကရစ်ဘောင်ပေါ် တက်ရပ်လိုက်သည်။ အိုး… ပြုတ်ကျတော့မှာပဲ။ ငါ့ကို နောက်နေတာလား။ သက်နှင်းသူက ဂျီဂျီဘက်ကို မျက်နှာမူပြီး အောက်ဘက်ကို ကျောပေးထားသည်။ မမ နောက်ကို မဆုတ်လိုက်နဲ့နော်။ ဘောင်ကလေးက ကျဉ်းကျဉ်းလေး။ ပါးစပ်က လှမ်း အော်၍ မရသဖြင့် စိတ်ထဲကသာ လှမ်းပြောလိုက်ရသည်။ မမက ဂျီဂျီ့ကို ပြုံးပြသည်။ မေမေနဲ့တူတဲ့ အပြုံးမျိုး မဟုတ်။ နည်းနည်းကြောက်စရာကောင်းသလိုပဲ။ ရုတ်တရက်-

"ဂျီဂျီရေ… တာ့တာ"

ဂျီဂျီကို လက်ပြပြီး နောက်ကို ဆုတ်သွားသည်။ သွားပြီ။ နောက်ကို ဆုတ်စရာ မရှိတော့ပါ။

"အား…"

အသံကုန်အော်သော်လည်း ဘာသံမှ ထွက်မလာ။ လှမ်းဆွဲလိုက်သော်လည်း မမီ လိုက်တော့ပါ။ မမလည်ပင်းမှ ရှောစောင်လေး လွင့်ထွက်သွားသည်။ နောက်ပြန်ပြုတ်ကျ သွားခြင်းပင်။ ဂျီဂျီ ငုံ့ကာကြည့်နေမိသည်။ မမသက်နှင်းသူက နောက်ထပ်ပြုံးပြပြန်သည်။ လူကတော့ အောက်ကို ဖြည်းဖြည်းချင်း ကျနေသည်။

မမနှင်းသူကိုကြည့်ရင်း သူမက မေမေ ဖြစ်သွားသည်။

"မေမေ ပြုတ်ကျသွားပြီ"

အိပ်ရာပေါ်က ချွေးတွေရွှဲနစ်ပြီး ထထိုင်လိုက်သည်။ ကြောက်စရာကောင်းလိုက်တဲ့ အိပ်မက်။ အိပ်မက်ဆိုးတွေ မက်နေပြန်ပြီ။ မမသက်နှင်းသူကို စိတ်စွဲလမ်းလွန်းလို့ ဖြစ်မှာပဲ။ မေမေကလည်း ဘယ်လိုလုပ် မမသက်နှင်းသူ ဖြစ်နေတာလဲ။ အိပ်ရာဘေး ရေပုလင်းမှ ရေများ အငမ်းမရ မော့သောက်လိုက်မှ စိတ်နည်းနည်း ငြိမ်သွားသည်။ နိမိတ်မကောင်းတဲ့ အိပ်မက်လား။ မဟုတ်ပါဘူး။ ဒီ့ထက်ကြောက်စရာကောင်းတဲ့ အိပ်မက်တွေတောင် မက်ဖူး တာပဲဟာ။ ဘာကမှ နိမိတ်ဆိုး မဖြစ်နိုင်ဘူး။ ဂျီဂျီ သေတယ်လို့လည်း မက်ဖူးတာပဲ။ ဘာကိုကြောက်ရမှာလဲ။ နောက်လည်းမဆုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ်ယုံတယ်၊ မမသက်နှင်းသူ အတွက် ပျော်ရွှင်ခြင်းကို ပေးနိုင်လိမ့်မယ်လို့။

ပြန်အိပ်မယ်။ မနက်စောစောထပြီး စကိတ်စီးဖို့လည်း ချိန်းထားတယ်။ ခေါင်းအုံး

mgyoe.com

mgyoe.com SAMPLE BOOK


ဘေးက discmanလေးကို ယူပြီး နားကြပ်ကို နားမှာ တပ်လိုက်သည်။ သီချင်းနဲ့ အိပ်မယ်။ တကယ်ဆို စာသားနဲ့သီချင်း ဆိုတာထက် ဗန်နက်ဆာမေးရဲ့ တယောသံအခွေ ဖြစ်သည်။ တယောသံကို မေမေ ကြိုက်သည်။ မေမေ့ဖေဖေ ဂျိဂျိဘိုးဘိုးက တယောထိုးသည်တဲ့။ ဂျိဂျိကတော့ မမီလိုက်ပါဘူး။ တယောသံကို နားထောင်ရင်း ဂျိဂျိမျက်လုံးတွေ ပြန်ပြီး မှေးစင်းလာသည်။ အိပ်ပျော်သွားပြီ။ အိပ်မက်လှလှလေး ပြန်ပြီး မက်ရင် မက်နေမှာပါ။

❒

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနေ့ အိပ်ရာက နေတော်တော်မြင့်ပြီးမှ နိုးသည်။ ညက ဘာအိပ်မက်မှ မမက်ဘူး ထင်သည်။ နှင်းဆီပန်းတစ်ဒါဇင်လောက်ဝယ်ပြီး ခုတင်ဘေးစားပွဲမှာ ပန်းအိုးလေးဘာလေး ထိုးဦးမှပဲ။ နှင်းဆီတွေကို နှင်းသူ ငယ်ငယ်ကတည်းက ကြိုက်ခဲ့သည် ထင်၏။ ဆောင်းမှ ပွင့်တဲ့ နှင်းဆီတွေဆို ပိုလှမည်။ နှင်းသောက်သော နှင်းဆီတွေက ပိုလှသည်။ ထူးထူးဆန်းဆန်း စိတ်တွေက ကြည်လင်နေလေသည်။ ဘာအနှောင့်အယှက်မှ မဝင်ဘူးဆိုရင် ကောင်းမယ်။ အနှောင့်အယှက်ဆိုတာ စိတ်ထဲကပဲလာသည်။ စိတ်ထဲမှာ ဘာမှ မတွေးမိစေနဲ့ပေါ့။ နှင်းဆီ ပန်းများအကြောင်းပဲ တစ်နေ့လုံး တွေးမယ်။ အနီရောင်နှင်းဆီ၊ အဝါရောင်နှင်းဆီ၊ ပန်းရောင်၊ ကြက်သွေးရောင်၊ အရောင်တွေ အများကြီးပဲ။ နှင်းဆီမှာ အရောင်တွေ အများကြီး ရှိသည်။ အဖြူရောင်၊ လိမ္မော်ရောင်၊ နှင်းသူ တွေ့ဖူးသမျှ နှင်းဆီအရောင်တွေ ကုန်ပြီ။ အင်း… ဘာအကြောင်း ထပ်ပြီး စဉ်းစားမလဲ။ အိပ်ရာထဲက မထဖြစ်သေးပါ။ တစ်ခုခုကိုတွေ့ပြီး စိတ်တွေ ပြန့်ပြီး နောက်ကျိသွားမှာစိုးရဲ့။

လက်တွေကို အားရပါးရ ဆန့်တန်းပြီး ပျင်းကြောဆန့်လိုက်သည်။ ကြည့်စမ်း ဘာတစ်ခုမှ ပုံမှန်မဟုတ်တာ မရှိ။ တခြားလူတွေလိုပဲ အိပ်ရာထ နောက်ကျသည်။ ငါက တခြားလူတွေနဲ့ ဘာများကွာလို့လဲ။ ဒါကိုများ အရူးကြည့်သလို အကြည့်ခံရတာ တော်တော် မတရားတာပဲ။ အင်း… တခြားလူတွေက အိပ်ရာထဲမှာ တစ်နေ့လုံး အိပ်မနေဘူး ထင်သည်။ နေမကောင်းတဲ့လူကလွဲလို့။ တိုးတိုးလေးရယ်မိသည်။ ကိုယ့်ဘာသာကိုယ် ကြားရုံလေး။ နှင်းဆီတွေ သွားဝယ်ရမယ်။ တစ်အိမ်လုံး နှင်းဆီနံ့တွေနဲ့ မွှေးစေမယ်လေ။ ဆံပင်တွေဖြီးရင်

mgyoe.com

mgyoe.com
SAMPLE BOOK


သိပ်ရှည်နေပြီလို့ သတိပြုမိသည်။ ကတ်ကြေးလေးတစ်လက်ကိုင်၊ ဆံပင်စုစည်းပြီး အဖျားတွေကို နှစ်လက်မလောက် တိခနဲ ဖြတ်ချလိုက်သည်။ အိုးကေ ပြီးပြီ။ မညီမညာ ဖြစ်စရာအကြောင်းမရှိ။ ဆံပင်ကောက်တွေဆိုတော့ မညီလည်းမသိသာ။ ငွေလက်ကိုင်ရိုးတပ် ဘရပ်ရှ်နဲ့ ဆံပင်ဖြီးသည်။ ဒါ ဟိုးခေတ်က ဆံပင်ဖြီးတဲ့ဘရပ်ရှ်လေ။ အဘွားထွန်းအိမ်က ရတာပဲ။ ဒီအဘွားကြီးက ရှေးခေတ်ပစ္စည်းတွေ စုထားတာမှ…။

ခေါင်းကို ခါလိုက်သည်။ ဒီအကြောင်းတွေ မတွေးဘူးလေ။

"ကောင်းသောနံနက်ခင်းပါ"

ကိုယ့်ကိုယ်ကိုယ် မှန်ထဲမှာ နှုတ်ဆက်သည်။ နှင်းသူ စိတ်ပေါက်ပေါက်နဲ့ သွားစားဖူးတဲ့ ဆိုင်အကြီးကြီးက တံခါးဖွင့်ပေးတဲ့ ကောင်မလေးလှလှလေးတွေလို ပြောကြည့်တာ။ သိပ်ကြည့်ကောင်းတာပဲ သူတို့က။ တစ်ခါတလေတော့လည်း အလှပြင်ကြည့်ချင်သား။ အို… မပြင်ချင်ပါဘူး။ လှနေတော့ရော ဘာထူးလဲ။ ဟင့်အင်း တစ်ခါတလေ လှနေတာကောင်းတယ်။ ဒါ ကိုယ့်စိတ်ကို အစာကျွေးတာ။ ဘယ်သူ့အတွက်မှ မဟုတ်။

မဖွင့်တာကြာပြီဖြစ်တဲ့ ပြတင်းပေါက်တွေ ဖွင့်သည်။ နေရောင်ခြည်က တကယ်နွေးထွေးစေတာပဲနော်။ ဒီတစ်နေ့တော့ ကမ္ဘာကြီးထဲ ပြန်သွားကြည့်ရမယ်၊ ပုံမှန်လူတွေလို၊ အိုး… ငါကရော ဘာမို့လဲ။ ပုံမှန်ပဲ။ တခြားလူတွေလို မြင်ကြည့်မယ်။

အဝတ်တွေထွက်လှန်းနေသော နှင်းသူကို ဘေးအိမ်တချို့မှ မသိမသာလှမ်းကြည့်ရင်း ထူးဆန်းနေသည်။ ဒီအချိန် ခြံထဲမှာ ဘယ်တော့မှ နှင်းသူကို မတွေ့ဖူးကြပေ။ ဘယ်အချိန် အပြင်ထွက်၍ ဘယ်အချိန်ပြန်ရောက်သလဲပင် မသိကြရ။ မိန်းမကြီးတစ်ယောက်ကို လှမ်းပြီး ရယ်ပြလိုက်တော့ မျက်လုံးပြူးပြီး ဘေးကို လှည့်ကြည့်သည်။ တော်တော့်ကို အံ့သြသွားတာပဲ။ လူတိုင်း ရယ်တတ်တယ်ရှင့်။ ဒါ အံ့သြစရာလား။ စကားစပြောဖို့ ကြိုးစားကြည့်ရမလား။ အင်း… ဒီလောက်ဆိုတော်ပါပြီ။ ရယ်ပြတာတောင် တုံ့ပြန်မှုက တစ်မျိုးကြီးပဲဟာ။ အံ့သြရတာနဲ့။ ဘာကြောင့်များ ငါ ဒီလောက် သက်ဝင်လှုပ်ရှားနေပါလိမ့်။ ဘေးနားမှာ စကားပြောဖော်ရှိရင် ကောင်းမယ်နော်။ အဲလိုတွေးတုန်းပဲ ဟိုနေ့က ချာတိတ်မလေးကို မြင်ယောင်လာသည်။ ဘာကြောင့်လဲ။ သူက ငါ့အနားကို ရောက်လာရင်၊ မဖြစ်ပါဘူး။ ဒါပေမဲ့ ကောင်မလေးမျက်နှာလေးက နှင်းသူကို ပြုံးစေသည် မဟုတ်လား။ ဘယ်သူကမှ ငါ့အနား နေချင်မှာ မဟုတ်ဘူး။ ဒီချာတိတ်မက တစ်ခုခုအကြောင်းရှိမယ်။ မယုံနဲ့ နှင်းသူ။ ကမ္ဘာကြီးက နင့်ကို မကြိုဆိုဘူးလေ။ ငါ့စိတ်တွေ ဒီနေ့ ကြည်လင်နေတာတော့ အမှန်ပဲ။

ကလေးတွေ ပျော်ရွှင်စွာ စကိတ်စီးနေကြသည်ကို ငေးရင်း နှင်းသူပါ သူတို့လို

mgyoe.com

mgyoe.com
SAMPLE BOOK


ပျော်ချင်လာသည်။ လူ့ဘဝဆိုတာ စိတ်ဆင်းရဲဖို့ သက်သက်လို့သာ နှင်းသူ တစ်သက်လုံး နားလည်ခဲ့ရသည်။ ကြည့်စမ်း သူတို့မှာတော့ ပျော်နေလိုက်တာ။ ငယ်ငယ်တုန်းက ရဖူးသော စက်ကိတ်လေးကို သတိရမိသည်။ ဟော… ဟိုမှာ ကောင်မလေးတစ်ယောက် လဲသွားပြီ။ ဘေးမှ တခြားကောင်မလေးက ဆွဲထူပေးသည်။ နှင်းသူ ငယ်ငယ်က စက်ကိတ်ပေါ်က ပြုတ်ကျလည်း ထူပေးမယ့်သူ မရှိခဲ့ပါ။ နှင်းသူက ထိုင်နေကျဆိုင်ကလေး၏ ထိုင်နေကျထောင့်စားပွဲလေးကနေ အပြင်ကို လှမ်းငေးနေတာ ဖြစ်သည်။ နည်းနည်းလှမ်းလှမ်းကနေ မြင်နေရသော ကလေးတစ်သိုက်က နှင်းသူ ထိုင်နေသောဘေးက ပြတင်းပေါက်နှင့် မလှမ်းမကမ်း ရောက်လာပြန်၏။ ကောင်မလေးတစ်ယောက် ဆံပင်က ပခုံးဆီမှာ ခပ်ကော့ကော့လေးနှင့် တီရှပ်မီးခိုးရောင်၊ ခါးမှာ ဆွယ်တာတစ်ထည်ကို ချည်ထားသည်။ သိလိုက်ပြီ။ နှင်းသူနောက်ကို လိုက်ခဲ့သောကောင်မလေး။ မျက်ခုံးတန်းတန်းနက်နက်လေးနှင့် မျက်လုံးထင်းထင်းတောက်တောက်လေး။

ထိုကောင်မလေးကို နှင်းသူစောင့်ကြည့်နေမိသည်။ ကောင်မလေးက ဆိုင်ဘက်ကို တစ်ချက် ခပ်လှမ်းလှမ်းကြည့်သည်။ နှင်းသူက ပြတင်းပေါက်လိုက်ကာကို ပြန်ချလိုက်ပြီး ကောင်မလေးကို မြင်ရရုံ အသာလေးဟ၍ ဆက်ကြည့်နေလိုက်သည်။ ကောင်မလေး မမြင်အောင်ပေါ့။ ကောင်မလေးက ခြေထောက်အောက်မှ ဘုတ်စက်ကိတ်ကိုယူပြီး လက်ထဲမှာ ပိုက်လိုက်ပြန်သည်။ ချစ်စရာကောင်းတဲ့ ချာတိတ်မလေးပဲ။ ဘယ်သူ့ကိုမှ သေချာမကြည့်တတ်၊ စိတ်မဝင်စားတတ်သော နှင်းသူက ကောင်မလေးကို ချစ်စရာလေးတဲ့။ ထူးဆန်း၏။

အိုး… ဒီတစ်ခေါက်တော့ ကောင်မလေးက ဆိုင်ထဲကို ထပ်ကာကြည့်၊ နှင်းသူ၏ မျက်လုံးများကို တန်းခနဲ မြင်သွားခဲ့ပါသည်။ သူမ မျက်လုံးလေး ဝိုင်းသွားသည်။ မျောင်းကြည့်နေခဲ့သော မျက်လုံးများက နှင်းသူရဲ့မျက်လုံးဟု သူမ သေချာသွားသည်ကို နှင်းသူ ရိပ်စားမိလိုက်သည်။ ကောင်မလေးက အဖော်များကို ဘာမှ မပြောဘဲ ဆိုင်ထဲကို ဒရောသောပါး ပြေးဝင်လာခဲ့လေသည်။ အမှတ်တမဲ့ နှင်းသူကြောင်သွားသော်လည်း ချက်ချင်းပင် သတိဝင်လာပြီး ထိုင်နေရာမှ ဆိုင်ထဲကို ဝင်ပြေးသည်။ နှင်းသူ ဝင်ပြေးမိသောနေရာက စားသောက်ဆိုင်၏ စား ဖိုခန်း ဖြစ်နေသည်။ စားဖိုခန်းထဲမှ လူများ၏တအံ့တသြအကြည့်ကို ရှူးခနဲ လုပ်ပြလိုက်သည်။ သူတို့ အားလုံး ဘာပြောရမည် မသိ ဖြစ်သွားကြသည်။ နှင်ထုတ်ဖို့လည်း မေ့နေကြ၏။

ကောင်မလေး ဆိုင်ထဲဝင်လာသည်ကို နှင်းသူက မြင်နေရသည်။ စားပွဲဝိုင်းတွေမှာ မတွေ့တော့ သန့်စင်ခန်းဘက် ချိုးကွေ့ဝင်ရောက်သွားသည်။ တော်ပါသေးရဲ့။ ကောင်မလေး

mgyoe.com

mgyoe.com
SAMPLE BOOK


ပြန်ထွက်သွားသည်အထိ စားပိုခန်းထဲမှာ ပုန်းနေမှဖြစ်မည်။ သက်နှင်းသူကို သူမ တွေ့သွားမှာ စိုးလို့ပါ။ ကောင်မလေးကြောင့် တစ်ခုခုပြောင်းလဲသွားမည်ဟု သိနေသလို ပြောင်းလဲပစ်ရမှာ တွန့်ဆုတ်နေမိတာ၊ ခဏနေတော့ ကောင်မလေး ပြန်ထွက်လာသည်။ စိတ်ပျက်သွားပြီလား၊ လက်လျှော့သွားပြီလား။ ကောင်မလေးမျက်နှာမှာ စိတ်လျှော့သွားသည်ကို မတွေ့ရတော့ စိတ်ထဲမှာ ကျေနပ်သွား၏။ ဘာကြောင့်မှန်းတော့ မသိပါဘူး။ တစ်ချိန်ချိန်မှာ ရင်းနှီးကျွမ်းဝင်ခွင့် ပေးချင် ပေးမိမည်။ ဒါပေမဲ့ ကောင်မလေး၏ဖွဲ့ကိုတော့ စမ်းသပ်ကြည့်ချင်သေးတယ်။ သက်နှင်းသူ မရှူးဘူး ဆိုတာကို ကောင်မလေး ကောင်းကောင်း သိစေရမှာပေါ့။

ကောင်မလေးထွက်သွားပြီဆိုတာ သေချာတော့မှ သက်နှင်းသူလည်း အပြင်ထွက်လာသည်။ ဆိုင်ထဲမှ ဝန်ထမ်းတွေကတော့ ရိုးနေလေပြီ။ ပိုက်ဆံကို အနှမြောမရှိဘဲ ပေးကမ်းတတ်သော နှင်းသူကို ဘယ်သူက နှင်ထုတ်ရက်မှာလဲ။ အခုထိလည်း ဆိုင်ကို ဘာဒုက္ခမှ မပေးဖူးသေးတာမို့လည်း ဖြစ်မည်။ အရူးဆိုတာ လာဘ်ကောင်းစေသေးသည် မဟုတ်လား။ ကြံကြံဖန်ဖန် တွေးမိတာပါ။ သူတို့တွေက နှင်းသူကို သူလို ကိုယ်လိုပါပဲလို့ လက်ခံနိုင်မှာ မဟုတ်ဘူး။ ဒါကိုသိသည်။ တစ်ခါတလေ သူတို့မျက်လုံးထဲက တစ်ခါတစ်ရံတွင် ကြောက်ရွံ့ ရိပ်ကို မြင်ရသောကြောင့်ဖြစ်သည်။ ကိုယ်တိုင်မသိဘဲ တစ်ဆင့်စကားဖြင့်သာ လူတစ်ယောက်ကို ဆုံးဖြတ်တတ်သော သူတွေကသာ ကြောက်စရာ ကောင်းမှာပေါ့။ တကယ်တော့ လူတွေကို နှင်းသူ ကြောက်သည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

သန့်စင်ခန်းထဲက အိမ်သာခန်းတံခါးတွေကို တစ်ချပ်ပြီး တစ်ချပ် တွန်းဖွင့်သည်။ မိန်းမကြီးတစ်ယောက်၏ လူရှိတယ်ဆိုသော အသံ။ မမများလား။ အိမ်သာတံခါးရွက်အောက်ကို ငုံ့ကြည့်လိုက်တော့ ခြေထောက်ဝဝကြီးနှစ်ချောင်း။ ဘယ်လိုလုပ်ပြီး မမသက်နှင်းသူ ဖြစ်နိုင်မလဲ။ ဘောစင်မှာလည်း လက်ဆေးရင်း ဒီတစ်ခါလည်း မမီလိုက်ဟု တွေးနေမိသည်။ ဒါပေမဲ့ လက်လျှော့မယ်ထင်သလား။ ဂျီဂျီ ဘယ်တော့မှ လွယ်လွယ်နဲ့အညံ့မခံဘူး။ ဒီတစ်ခေါက် မမီလည်း နောက်တစ်ခေါက်ပေါ့နော်။ စားဖိုခန်းဘက်ကိုတော့ အထွက်မှာ တစ်ခေါက် ကြည့်မိသည်။ ဒီအထဲမှာ မဖြစ်နိုင်ဘူး။ တစ်နေရာရာက ထွက်သွားတာပဲ ဖြစ်မှာပေါ့။

ဆိုင်ပြင်ထွက်လာတော့ သူငယ်ချင်းတွေက ဝိုင်းအော်ကြသည်။

"နင် ဘာလုပ်တာလဲ" တဲ့။

"ဗိုက်နာလာလို့ပါဟာ"

လို့ ဖြေပြီး စပ်ဖြဲဖြဲ လုပ်နေလိုက်သည်။ ဇော်ကတော့ 'ငါသိပါတယ်'ဆိုသော အကြည့်နဲ့ ကြည့်သည်။ သိရင်လည်း ပြီးတာပဲ။

"ဘာလဲ၊ နင်တို့က ငါ ဗိုက်နာတာကြည့်ပြီး ဗိုက်ဆာလာလို့လား"

အလင်းက ထုသည်။

"ညစ်ပတ်မ"

ဂျီဂျီ အားရပါးရ ရယ်မိတော့ ငယ်ပူးက ခေါင်းကိုလက်ညှိုးထိုးပြီး လက်ခါပြသည်။ ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ဂျီဂျီ ဂေါက်သွားပြီဆိုတာ။

mgyoe.com

mgyoe.com
SAMPLE BOOK


မုန့်ဝင်စားကြပြီးတော့ အားလုံး ဘယ်မှ မသွားချင်တော့။ ပင်ပန်းပြီး ညောင်းနေပြီ။ အိမ်ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်ကြသည်။ ညနေကျမှ ဆုံတော့မယ်။ ဒီနေ့ တနင်္ဂနွေဆိုတော့ သင်တန်းလည်း မရှိ။ ဘုတ်စကိတ်ကို သယ်ရတာ လေးလာပြီ။ ဒီလမ်းတွေက မညီညာလို့ စကိတ်စီးလို့ မကောင်း။ လမ်းလည်း လျှောက်ရ၊ ဘုတ်စကိတ်ကြီးလည်း သယ်ရနှင့် တော်တော် အီစလန်ဝေလာသည်။ အိမ်ရောက်တော့ နစ်ကီက "ဂျီဂျီ လာပြီ" ဟု အော်ပြီး ကြိုသည်။ နစ်ကီကို လှမ်းပြီးနမ်းတော့ အန်တီစူးက ထူးဆန်းသလို ကြည့်၏။ ဘာလဲ၊ ကိုယ့်မောင်လေး တောင် မနမ်းရဘူးလား။ သည်းကို သည်းလွန်းတယ်။ အိမ်ပေါ်ကို ခြေသံပြင်းပြင်းနှင့် တက်သွားသည်။ အန်တီစူးတော့ မျက်စိနောက်ချင် နောက်မှာ။

အိပ်ရာပေါ်ကို ခုန်တက်ပြီး မှောက်လျက် ထိုးအိပ်လိုက်သည်။

"အား… ညောင်းလိုက်တာ"

မမသက်နှင်းသူ ဂျီဂျီ့ကိုကြည့်နေတာ သေချာတယ်။ လိုက်ကာကြားက မျက်လုံး တွေကလည်း သူ့မျက်လုံးတွေ။ တစ်ခါမြင်ရုံနဲ့ ဘယ်တော့မှ မေ့ပစ်စရာ မကောင်းတဲ့ မျက်လုံး တွေ။ ပြေးပေါ့ မမရေ။ ဂျီဂျီ ဘယ်လောက် ဖွဲ့ကောင်းသလဲဆိုတာ မသိဘူးဟုတ်လားဟင်။ တခြားနေရာတွေ ဖွဲ့မကောင်းလည်း မမနှင်းသူကိုတော့ ဖွဲ့ကောင်းကောင်းနဲ့ လိုက်ရှာပြမယ်။ နောက်ဆုံး အိမ်ရှေ့မှာ ထိုင်စောင့်မယ်။ ဘာဖြစ်သေးလဲ။ ဒါပေမဲ့ အဲဒီအိမ်ရှေ့ထိသွားဖို့တော့ စဉ်းစားရဦးမှာပေါ့။ ဒါ နောက်ဆုံးကျည်ဆန်လေ။ သိမ်းထားလိုက်ဦးမယ်။ အိမ်သာထဲထိ လိုက်ရှာတာသာ ကြည့်တော့။ ဂျီဂျီ ဘယ်လောက် စိတ်ထက်သန်နေလဲဆိုတာ။ ခင်ဗျား ပြေးလို့ မလွတ်ဘူးနော်။

ဂျီဂျီ တွေးရင်း အိပ်ပျော်သွားသည်။ အိပ်မက်မက်နေလေသည်။ အိပ်မက်က အိပ်မက်ဆိုး မဟုတ်ပါ။ အိပ်မက်ထဲမှာ မေမေရယ်၊ မမသက်နှင်းသူရယ်၊ ဂျီဂျီရယ် အတူတူ ထိုင်ပြီး ပြုံးရယ်နေကြသည်။ နှင်းတွေကလည်းကျလို့။ ဒီကြားထဲ ရေခဲမုန့်စားကြသည်တဲ့။ နိုးလာတော့ ဂျီဂျီ ပြုံးနေလေ၏။ အိပ်မက်တွေထဲမှာ မေမေရယ်၊ မမသက်နှင်းသူရယ်က အမြဲရောထွေးနေသည်။ ဒီတစ်ခေါက် အိပ်မက်လေးက ကောင်းလိုက်တာ။ လန့်ပြီးတော့လည်း နိုးမလာ။ အိပ်မက်ဆိုးဆိုတာ အမြဲတမ်းတော့ ဘယ်မက်နိုင်မလဲနော်။ စိတ်ချ မမရေ၊ ဂျီဂျီကြောင့် ပျော်ရွှင်စေရမယ် သိလား။ မမရဲ့ဝမ်းနည်းကြေကွဲမှုတွေနဲ့ စိမ်းလက်နေတဲ့ မျက်ဝန်းတွေကို အရောင်ပြောင်းပေးချင်တယ်။ လောကကြီးမှာ သင်ယူစရာတွေအများကြီး ရှိသေးတယ်ဆိုတာ ခံစားတတ်ဖို့ သင်ပေးရဦးမယ်။ အဲဒီ အခါ မမက ဂျီဂျီ့ကို ပြုံးပဲ ပြုံးပြပါနော်။ ဂျီဂျီ ဘာမှ မလိုချင်ဘူး။ မမဆီက လိုချင်တာ မမပြုံးဖို့ တစ်ခုပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


ဂျီဂျီ သက်နှင်းသူကို ဘယ်လောက် စွဲလမ်းနေသည်ဆိုတာ ဇော်က သိပြီးနောက် တော်တော်စိတ်ပူသွားသည်။ ဂျီဂျီ ဘယ်လောက်အစွဲအလမ်းကြီးတယ်ဆိုတာ ဇော်တို့အားလုံး သိထားသည်။ ဂျီဂျီက ဇော့်ကို မပြောမဖြစ် ပြောပြပေမယ့် တခြားသူတွေကိုတော့ သူ့အကျင့်အတိုင်း လျှို့ဝှက်ထားသည်။ ဇော်လည်း သူ့ခွင့်ပြုချက် မရဘဲ မပြောရဲ။ တစ်ဖွတ်ထိုး ဂျစ်ကန်ကန် စရိုက်နှင့် ဂျီဂျီသည် ဇော့်ကိုတော့ အတော့်ကို နိုင်လေသည်။ အခုနောက်ပိုင်း ဂျီဂျီကလည်း ဇော့်ကို ဘာမှ သိပ်မပြောတော့။ ဂျီဂျီ နှုတ်ခမ်းတွေ တဖြည်းဖြည်း တင်းတင်းစေ့လာသည်ကို ကြည့်၍ ဂျီဂျီ ဘယ်လောက် လေးနက်နေကြောင်း ခန့်မှန်း၍ ရသည်။ ဂျီဂျီ တစ်ခုခု ဆုံးဖြတ်ချက် မှားမည်ကို စိတ်ပူမိ၏။

"ဇော်ရယ်... ငါက မမကို ကယ်တင်ချင်တာပါ"

ဂျီဂျီ ပြောနေတော့ ဇော် ရယ်မိသည်။

"မိဂျီ၊ နင်က နင့်ကိုယ်နင် သိပ်အထင်ကြီးနေတာကိုးဟ၊ ဒီရူးနေတဲ့၊ ဆောရီးဟာ၊ ထားပါတော့ ဒီလိုလူမျိုးကို နင်က ဘယ်လို ကယ်တင်မှာလဲ၊ ငါဆို အဲဒီ မိန်းမမျက်နှာကိုတောင် သေချာ မကြည့်ရဲသေးဘူး"

ဇော်က အဲလို ပြောတော့လည်း ဂျီဂျီ စိတ်ဆိုးလေသည်။

"နင် မကြည့်ရဲရအောင် မမသက်နှင်းသူက ရုပ်ဆိုးနေလို့လား၊ ဒီလောက်လှတာကို၊ ရူးနေတယ်လို့ ပြောရအောင် နင်က သူ့နဲ့ စကားပြောဖူးလို့လား"

တစ်ခွန်းမခံပြောသော ဂျီဂျီအသံတွေ တုန်နေသည်။ ဇော် ဘာလုပ်ရင်ကောင်းမလဲ။ ဂျီဂျီ့အဖေကို တိုင်ရင်ကော၊ ဟာ... အဲဒါမှ ပိုဆိုးကုန်မယ်။ မိဂျီက လွယ်တာ မဟုတ်ဘူး။ အလိုက်သင့်လေးပဲ နေပေးမှလို့ ဇော် စဉ်းစားမိသည်။ ၁၆ နှစ်သား စဉ်းစားဉာဏ်က ၂၆ နှစ်နဲ့တော့ တူမှာ မဟုတ်ပေမဲ့ ဂျီဂျီ့အခြေအနေကို ထပ်ပြီး စောင့်ကြည့်ရန်ပဲ ဆုံးဖြတ်လိုက်သည်။

ဇော် အိမ်ကို ပြန်တိုင်မလားလို့ ဂျီဂျီ နည်းနည်း စိတ်ပူမိသည်။ ဇော်ကတော့ ပြန်မတိုင်လို့တော့ ကတိပေးသည်။ သက်နှင်းသူဆီ အရောက်သွားရေးသည် ခက်ခဲစရာဆိုလို့ သက်နှင်းသူရဲ့ တုံ့ပြန်မှုတစ်ခုသာ ရှိမည်။ ပထမဆုံး သံသယမျက်လုံးဖြင့် မကြည့်မယ်ဆိုတာ ဂျီဂျီ တွက်ပြီးသား။ ပစ်ပယ်ထားသော လူများကိုသာ မြင်ရတွေ့ရသော သနားစရာ မမသက်နှင်းသူ။

သစ်တောလမ်းကဆိုင်လေးမှာ ဂျီဂျီ နေ့စဉ်သွားစောင့်နေသေးသည်။ ပေါ်လာမယ်ဆိုတာ မထင်ပေမဲ့ပေါ့။ တစ်ချိန်လုံးလိုလို ငြိမ်ကာနေသော ဂျီဂျီ့ကို သူငယ်ချင်းတွေက

mgyoe.com

mgyoe.com
SAMPLE BOOK


ရှုံးစမ်းနေကြသည်။ ဖေဖေကတော့ သတိပင်ထားမိပုံမပေါ်။ သူ့အလုပ်တွေရယ်နဲ့ သူ့မိသားစုလေးရယ်ကိုပဲ စိတ်ဝင်စားမည်ပေါ့။ ဂျိဂျိ ဘာသင်တန်းတွေတက်နေလဲ၊ ဘယ်မေဂျာယူဖို့ ရည်ရွယ်ထားလဲ ဆိုတာတွေတော့ မေးဖော်ရ၏။ အိပ်ခါနီး လာနှုတ်ဆက်၊ အလုပ်သွားရင် လာနှုတ်ဆက်၊ ဖေဖေနဲ့ကလည်း ဒီလောက်ပဲ တွေ့ရသည် မဟုတ်လား။ ဂျိဂျိကို ဖေဖေက သမီးတစ်ယောက်ကို အဖေတစ်ယောက်က သာမန်ချစ်သလောက်ပဲလေ။ ဂျိဂျိကိုယ်တိုင်က အဖေ့သမီး မဟုတ်ဘဲ အမေ့သမီးပဲ ဖြစ်ခဲ့တာကိုး။ သက်နှင်းသူနောက်ကို ဂျိဂျိလိုက်နေတာ ဖေဖေသိလို့ကတော့ ဘယ်လိုပြောမလဲ။ ဂျိဂျိ မခန့်မှန်းတတ်။ သေချာတာကတော့ ပြင်းပြင်းထန်ထန် တားမြစ်မည်။ မမသက်နှင်းသူနား ဘာကြောင့်သွားချင်သလဲဆိုတာတောင် ပြောပြခွင့်ရမှာ မဟုတ်။ ဖေဖေက စိတ်ပညာကိုလည်း တကူးတက စိတ်ဝင်စားမှာလည်း မဟုတ်။ မေမေနဲ့တူလို့ဟု ပြောရင် ပိုတောင် ဆိုးဦးမယ်။ ဖေဖေ စိတ်ပူတာက ဂျိဂျိ ရှုံးသွားမှာကိုပဲ။ အရှုံးမလေးရဲ့ ဖေဖေ ဖြစ်ချင်မှာ မဟုတ်ဘူး။

အို… ဂျိက ဘယ်တော့မှ ရှုံးမှာ မဟုတ်။ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်သည်။ အိပ်မက်ဆိုးတွေက မလွတ်မြောက်သေးတာက လွဲလို့ပေါ့။ မသိစိတ်ကလွဲလို့ ဂျိဂျိ အားလုံးကို ကောင်းကောင်း ထိန်းချုပ်နိုင်၏။ ဂျိဂျိ့အားနည်းချက်က တစ်ခုတည်း။ အဲဒါက မေမေ၊ ဘယ်လောက်ပဲ ရင့်ကျက်တယ်ပြောပြော မေမေ သေဆုံးသွားခြင်းသည် ဂျိဂျိ့နှလုံးသားထဲတွင် ကျက်ရန် ကြာမည့် အနာတစ်ခုပဲလေ။ ဒါတွေက အိပ်မက်ဆိုးတွေ ဖြစ်စေသည်။

မမကို ချဉ်းကပ်ရန် အရေးအကြီးဆုံး လိုအပ်ချက်မှာ ယုံကြည်ခြင်း ဖြစ်သည်။ ဂျိဂျိ့ကို သေချာယုံကြည်မှ အနားကပ်ခွင့်ပေးမည်ဟု သဘောပေါက်ထားသည်။ လူတွေနဲ့ ကြာရှည်ကင်းကွာနေသော မမစိတ်များက မယုံသင်္ကာစိတ်များဖြင့် လုံခြုံစွာ ကာရံထားလိမ့်မည်။ သူ ပြောသမျှ သည်းခံရမည်။ နောက်ဆုံး ကိုယ်ထိလက်ရောက်ပင် နာကျင်စေကောင်း နာကျင်စေလိမ့်မည်။ ဘာပဲဖြစ်ဖြစ် အစွမ်းကုန် သည်းခံမည်လို့တော့ ဆုံးဖြတ်ထားတာပဲ။ အသက်ကို ရန်ရှာတဲ့အထိတော့ ဖြစ်မှာ မဟုတ်ပါ။ ဒါက မဖြစ်နိုင်။ မမက အရူး မဟုတ်သေး။ ဒီအတိုင်း ဆက်သွားနေရင်တော့ သူမ ဘယ်လို ဖြစ်လာမယ် မသိ။

စိတ်ပညာ ဘာသာပြန်စာအုပ်တွေကို ဂျိဂျိ အငမ်းမရဖတ်သည်။ တချို့က ဗုဒ္ဓဘာသာအကြောင်းစာအုပ်တွေ။ ဘာသာတရားအကြောင်း ပြောပြဖို့ လိုအပ်ရင် ပြောပြဖို့အတွက်လေ။ ဒါကို မမ နားလည်ရမယ်။ မမ ထင်သလောက် ကမ္ဘာကြီးက ရုပ်ဆိုးမနေဘူးဆိုတာ ဂျိဂျိ ရှင်းပြဖို့ပါ။ ပြီးတော့ ဂျိဂျိ့ရင်ထဲက ကွက်လပ်အကြီးကြီးကို မမက ဖြည့်ပေးနိုင်မယ် ထင်တယ်။ အဲဒီအတွက် ခဏ ခဏ ပြုံးပေါ့ မမရဲ့။ မမက သိပ်လှတယ်

mgyoe.com

mgyoe.com SAMPLE BOOK



ဆိုတာ ကိုယ့်ကိုယ်ကိုယ်ရော သိရဲ့လား။ ဂျီဂျီကတော့ သိတယ်။

ရေစင်ကြီးပေါ်လည်း တစ်နေ့ ခေါ်သွားရဦးမယ်။ ငယ်ပူးကို မမ ပုံတွေ ဆွဲခိုင်းမယ်။ ဒါ ပျော်စရာကောင်းတဲ့ အတွေးများ။ လမ်းမအလယ်မှာ အော်ထုတ်ခံရမှာတို့၊ ရေနဲ့အပက်ခံရမှာတို့ စတဲ့ စိတ်ပျက်စရာ ကောင်းတာတွေကိုလည်း ကြိုတွေးရဦးမှာလေ။

❐

mgyoe.com

mgyoe.com SAMPLE BOOK



နှမငယ်ပင် မသိလော ဒုက္ခကြောင်းမှ
နှင့်ကြောင်းကို ရင်းအားမဲ့ဂုဏ်
ဖိုးကာကာ ဦး ဖိုး ဝေကာကမြဲသွားသည်
ဖိုးချိုးတွေကို တောက် ရေးမြတ်
ဖိုး ဒုက္ခကို တွန်းလှန်သည်
ဖိုးချိုးတွေကို ကယ်ဆယ်မှ
မေသိဘိ လေထန်ကြယ်ရုံသည်

mgyoe.com

mgyoe.com SAMPLE BOOK

ခုတစ်လော နှင်းသူခေါင်းထဲတွင် တစ်စုံတစ်ယောက် ရောက်နေသည်။ နှင်းသူစိတ်ထဲကို ဘယ်သူစိမ်းမှ မရောက်ခဲ့ဖူးပါ။ စားဖိုခန်းထဲမှာ ဝင်ပုန်းရသည်ကို တွေးမိတော့ ရယ်ချင်သည်။ ရယ်စရာ မဟုတ်သည်များကိုသာ ရယ်စရာ လုပ်ခဲ့ရသော ဘဝမှာ ဒီကောင်မလေးနဲ့ တွေ့မှ ရယ်တတ်လာပြီလား။ နှင်းသူစိတ်ထဲမှ သံသယတွေကတော့ အကုန်ပျောက်မသွားသေးပါ။ လူတွေနဲ့ကင်းကွာပြီး နှစ်တွေအကြာကြီး တစ်ယောက်တည်း နေလာခဲ့သူ ဖြစ်တဲ့အပြင် လူတွေက မဆက်ဆံလိုသူအဖြစ်ပါ နေသားကျခဲ့သူ ဖြစ်တဲ့အတွက် နှင်းသူ၏ သံသယစိတ်ကို အပြစ်တင်စရာ မရှိပါ။ ဒီလောက် အပြစ်ကင်းသော မျက်နှာကလေးနှင့် ဂျီဂျီကိုတောင် သံသယ မကင်းသေးပါ။

ထိုကောင်မလေးသည် သက်နှင်းသူအနားကို လိုလားနှစ်သက်စွာ ရောက်လာချင်နေသည်ဟု ယုံပစ်လိုက်ချင်ပါသည်။ ဒါပေမဲ့ နှင်းသူနှလုံးသားက အကျင့်ပါနေပြီ။ နှင်းသူ၏ စိတ်နှလုံးကို ငယ်ဘဝက အရိပ်များ မိုးထားပြီးပြီလေ။ လူများ၏ ခပ်ပယ်ပယ်ဆက်ဆံရေးမှာပဲ အသားကျနေတော့သည်။ နှင်းသူ တွေ့ကြုံရသော ဘဝအခြေအနေများက နှင်းသူ၏ စိတ်နှလုံးတို့ကို သာမန်လူများနှင့်မတူအောင် ခြားနားစေခဲ့သည်လေ။ အတိတ်၏သားကောင် သက်နှင်းသူ။

ကောင်မလေးကို အနားလည်း ရောက်လာစေချင်သည်။ ရောက်လည်း မရောက်လာစေချင်။ ဘယ်သူ့ကြောင့်မှ ထပ်ပြီးအထိခိုက်မခံနိုင်တော့။ မေမေဆိုသော အားနည်းချက်ကြီးကပဲ သေရာပါခဲ့စေပြီ မဟုတ်လား။ ပြီးတော့ ချောက်ချားဖွယ်ကောင်းသော အသွား

mgyoe.com